မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၇၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလကွယ်နေ့

၂၀၁၅ ခုနှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့။

**သုဘာသိတာ စ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

# နိုင်ငံရေးပဋိပက္ခများကိုအခြေခံသည့် ရိုက်ခတ်မှုကြောင့် ခါးသီးသောအတွေ့အကြုံများ ကြုံတွေ့ခဲ့ရ

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ၄၁ နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော ၄၁ နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)တွင် "မွန်ပြည်နယ်" ဟုစတင် အသိအမှတ်ပြုရေးဆွဲခဲ့သည့် မတ်လ ၁၉ ရက်နေ့ကို **မွန်ပြည်နယ်နေ့**အဖြစ်သတ်မှတ်ပြီး ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစတင်၍ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၄၁ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံရေးပဋိပက္ခများကို အခြေခံသည့် ရိုက်ခတ်မှုကြောင့် ခါးသီးသော အတွေ့အကြုံများကို မိမိတို့ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုခါးသီးသော အတွေ့အကြုံများကို *စာမျက်နှာ ၃ ကော်လံ ၁* ●

> "နိုင်ငံရေးဆွေးနွေးပွဲကြီးတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများမှ ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင်"

# ကမ္ဘာလှည့်ခရီးသွားများနှင့် ခါကာဘိုရာဇီတောင်ခရီးစဉ်

သတင်း-ဝေယံဦး
ဓာတ်ပုံ-ကေဇင်



ခါကာဘိုရာဇီတောင်၏ အလှ

**ရန်ကုန် မတ် ၁၈**

တစ်နှစ်ပတ်လုံးနီးပါး ရေခဲဖုံးလွှမ်းနေသော ခါကာဘိုရာဇီတောင်၊ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ကမ္ဘာ့အမြင့်ဆုံးတောင်များတွင် တစ်ခုအပါအဝင် ဖြစ်သည့် ခါကာဘိုရာဇီတောင်သို့ ခရီးသွားများအတွက် ခရီးစဉ်ဖြစ်ပေါ်လာစေရန် ကြိုးစားနေသည်ဟု ပြည်တွင်းခရီးသွားလုပ်ငန်းတစ်ခုမှ သိရသည်။

"ခါကာဘိုရာဇီတောင်ကို ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားမှုများပါတယ်။ တောင်တက်ဖို့ခက်ခဲပြီး အန္တရာယ်များတာမို့ ခရီးသွားတွေအနေနဲ့ တောင်ခြေဝန်းကျင်သဘာဝရှုခင်းတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ နေထိုင်မှုအလေ့အထကို မြင်တွေ့လေ့လာခွင့်ရရှိမှာဖြစ်ပါတယ်" ဟု ပုဂ္ဂလိကပြည်တွင်းခရီးသွားလုပ်ငန်း ရှင်ဦးကျော်က ပြောသည်။

ခါကာဘိုရာဇီတောင်သည် အာဆီယံဒေသ၏ တစ်ခုတည်းသော နှင်းဖုံးတောင်ဖြစ်ပြီး အမြင့်ပေ ၁၉၂၉၆ ပေရှိသည်။ ကချင်ပြည်နယ် ပူတာအိုမြို့မှ မိုင် ၁၈၀ ခန့်အကွာတွင်တည်ရှိပြီး သဘာဝအလှအပများ၊ ထူးခြားသော သတ္တဝါနှင့် အပင်မျိုးစိတ်များစွာ တည်ရှိသော နေရာလည်း ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❁

# လောက်ကိုင်မြို့အား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လာရောက်နှောင့်ယှက်တိုက်ခိုက်၊ ကုန်းကြမ်း-မော်ထိုက်ကားလမ်းအနီး သောင်းကျန်းသူအခြေပြုတောင်ကုန်းများအား တိုက်ခိုက်သိမ်းပိုက်

**နေပြည်တော် မတ် ၁၈**

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်ဒေသအတွင်း ၎င်းတို့ခံစစ်ယူ အခြေပြုထားသည့် အချက်အချာကျသောနေရာများနှင့် စစ်ဗျူဟာအရ အရေးကြီးသောနေရာများအား တပ်မတော်စစ်ကြောင်းများ၏ အပြင်းအထန်ထိုးနှက်တိုက်ခိုက်မှုကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ရ၍ စစ်ရေးထွက်ပေါက်အဖြစ် လောက်ကိုင်မြို့အား အဝေးမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းကြောင်းများအား အလစ်အငိုက်ချောင်းမြောင်း တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာခဲ့သည်။

ယနေ့နံနက် ၃ နာရီခန့်တွင် ကိုးကန့်သောင်းကျန်းသူများသည် လောက်ကိုင်မြို့အား နှောင့်ယှက်တိုက်ခိုက်ရန် ရည်ရွယ်၍ အဖွဲ့ ၆ ဖွဲ့ခွဲကာ လောက်ကိုင်မြို့အနီးသို့ ချီတက်လာစဉ် လောက်ကိုင်မြို့ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် *စာမျက်နှာ ၁၂ ကော်လံ ၃* ☆

## ယနေ့ » မာတိကာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေး ကြေညာချက် ထုတ်ပြန် — စာ » ၃

ဆိုင်ရာနိုက်အဆိပ် ပါဝင်သောစာကို အိမ်ဖြူတော်သို့ပေးပို့ — စာ » ၄

သမိုင်းထဲက ကျောင်းသားသမဂ္ဂဟာ ဥပဒေနှင့်အညီဖွဲ့ခဲ့တာလား
ဆောင်းပါး — စာ » ၆

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း — စာ » ၁၅



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးဖော်ဆောင်မှုအောင်ရမည်

လက်ရှိကျွန်ုပ်တို့မြန်မာ ပြည်သူပြည်သားအားလုံး၏ နိုင်ငံရေးဆန္ဒတစ်ရပ်မှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးပင်ဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ ကျော် ကြာညောင်းလာပြီဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများကို အမြန်ဆုံးအဆုံးသတ်ရန် ပြည်သူတစ်ရပ်လုံးက လိုလားနေကြပါသည်။ ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ ဆောင်ရွက်ခဲ့မှုနှင့်အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများစုနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ပြီဖြစ်ပါသည်။

ထာဝရငြိမ်းချမ်းရေးစာချုပ်လက်မှတ် မရေးထိုးနိုင်သေးသည့်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ယုံကြည်မှုကို တည်ဆောက်လာနိုင်ပြီဖြစ်ပါသည်။ မဝေးတော့သည့်အနာဂတ်တွင် ထာဝရငြိမ်းချမ်းရေးသည်လည်း ရရှိလာတော့မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့်အဖွဲ့အား မတ် ၁၆ ရက်တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ပါသည်။ နှစ်ဖက်ခေါင်းဆောင်များအကြား ယင်းကဲ့သို့ တွေ့ဆုံနိုင်မှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ယုံကြည်မှုတည်ဆောက်လာနိုင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုယုံကြည်မှုမှသည် ထာဝရငြိမ်းချမ်းရေးကိုရယူနိုင်မည် ဖြစ်ပါသည်။

ဤအခမ်းအနား၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်က မတူကွဲပြားမှုအချို့ရှိကြမည်ဖြစ်သော်လည်း ဤတိုင်းပြည်သည် မိမိတို့အားလုံးပိုင်သည့် တိုင်းပြည်ဖြစ်ပါကြောင်း၊ ပြည်သူများသည်လည်း မိမိတို့ အားလုံးနှင့်သက်ဆိုင်သည့် ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါကြောင်း၊ မိမိတို့ကြောင့် ပြည်သူများ ဒုက္ခရောက်ကြရသည့် အဖြစ်မျိုး မဖြစ်စေဘဲ မိမိတို့ကြောင့်ပြည်သူများ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားပြီး တိုင်းပြည်လည်း ဆုံးရှုံးနစ်နာမှုမျိုး မဖြစ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်ကာ ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟူသည့် သားစဉ်မြေးဆက်ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တမ်းတစ်ခုကို ချန်ထားရစ်ခဲ့နိုင်ရန် မိမိအနေဖြင့် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့အတူ ဒေါက်တာလဂျာကလည်း ပဋိပက္ခများသည် ကောင်းကျိုးမပေးဆိုသည်မှာလည်း အမှန်တရား၊ အရှိတရားပင်ဖြစ်ပါကြောင်း၊ ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးရရှိရေး၊ ယုံကြည်မှုနှင့်အခြေခံကောင်းများ တည်ဆောက်ပြီး အောင်မြင်သည်အထိ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောဆိုခဲ့ပါသည်။

ဤအချက်များကို ထောက်ရှုလျက် ငြိမ်းချမ်းရေး ဖြစ်စဉ်သည် တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မကြာမီကာလအတွင်း ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါ သည်။ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူသွား နိုင်မည်ဖြစ်ပါသည်။ ပြီးခဲ့သည့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့တွင်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အရေးကြီးဆုံးအချက် တစ်ချက်ဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး စုံညီစွာပါဝင်ခဲ့သော တွေ့ဆုံဆွေးနွေးပွဲ တစ်ရပ်ကျင်းပကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်နှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် **Deed of Commitment for peace and national Reconciliation)** ကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ပြည်သူများ၏ဆန္ဒနှင့်အညီ ထာဝရငြိမ်းချမ်းရေး ရရှိလာတော့မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုသည် မုချမသွေအောင်မြင်ရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# သင်္ကြန်ကာလ ရန်ကုန်မြို့ရေပေးဝေရေးအစီအစဉ် ယခင်နှစ်များအတိုင်းပေးဝေသွားမည်

**ရန်ကုန် မတ် ၁၈**

သင်္ကြန်ကာလရောက်ရှိရန် နီးကပ်လာသည်နှင့်အညီ မဟာသင်္ကြန်အတွင်း အများပြည်သူရေလုံလောက်စွာသုံးစွဲနိုင်ရန်နှင့် ရေပြတ်လပ်မှု မရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိရာ ရေခွဲဝေပေးရေးနှင့်ပတ်သက်၍ ယခင်နှစ်များ အတိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနခွဲမှူးထံမှ သိရသည်။

ရေပေးဝေမှုအပိုင်းများကိုဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့များတွင် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁နာရီ အထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ခွဲဝေပေးသွားမည်ဖြစ်သည်။ အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့သို့ ရေပေးဝေရာတွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပေးဝေသွားမည်ဖြစ်သည်။ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင် ပိုင်း) ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များသို့ မူလရေပေးဝေချိန် အတိုင်း ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)တွင် မြို့နယ်များအားလုံးသို့ ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်ကြောင်း၊ ရေပေးဝေရာတွင် သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်လိုင်းများ ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် ရေနှင့် သန့်ရှင်းမှုဝန်ထမ်းများထံ အကူအညီ တောင်းခံနိုင်ကြောင်း၊ အရေးပေါ်အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဖုန်း ၀၁-၂၄၉၆- ၅၅၊ ၀၁-၂၄၃၅၅၀၊ ၀၁-၃၈၂၉၈၉၊ ၀၁-၃၈၂၉၉၀၊ ၀၁- ၆၆-၀၃၄၀ တို့ထံသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## ထင်သာမြင်သာပြုပြင်စရာ



# ယုဇနဥယျာဉ်မြို့တော်သားများ စည်းကမ်းရှိဖို့လိုအပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်၌ (အေ၊ ဘီ၊ စီ) ဘလောက်အလိုက် တိုက်ခန်းပေါင်း ခုနစ်ထောင်ကျော်၊ လမ်းပေါင်း ၄၇ လမ်း၊ လူဦးရေ ငါးသောင်းကျော်ခန့် နေထိုင်လျက်ရှိရာ နောက်ဖေးမီးဖိုချောင်သုံး အမှိုက်များကို အလွယ်တကူ နောက်ဖေးလမ်းကြားတိုင်းတွင် နေ့စဉ်နှင့်အမျှ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိရာ လေကောင်းလေသန့်မရရှိဘဲ အနံ့ဆိုးများရှူရှိုက်ရမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ အမှိုက်များကို စွန့်ပစ်ခြင်းကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့နေမှုဖြစ်လျက်ရှိသည်။

ရပ်မိ ရပ်ဖမြို့ခံနေ ပြည်သူတစ်ဦးက ကိုယ့်အားကိုယ်ကိုး စုပေါင်းစနစ်ဖြင့် အမှိုက်များကို တစ်လတစ်ကြိမ် ရှင်းလင်းနေပါသော်လည်း ဆက်လက်စွန့်ပစ်နေမှု များပြားလာနေသည်ကို တွေ့ရကြောင်း ပြောကြားသည်။ သို့ဖြစ်ပါ၍ မိမိအသိစိတ်ဓာတ်ဖြင့် အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ရန် စည်းကမ်းရှိဖို့လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**ကျင်မောင်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၆-၁၀၈၀ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြျုက်ဆတ်) | တစ်ပိဿာ | ၁၄၇၀-၁၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၃၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၀၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

## ပြည်တွင်းသတင်း

● **ရှု့ဖုံးမှ**

သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း၌ တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပါဝင်သင့်ပါဝင်ထိုက်သောသူများပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကျင်းပပြုလုပ်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနိုင်ငံရေးဆွေးနွေးပွဲကြီးတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများမှ ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင်ပေးကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးနောက် တည်ငြိမ်အေးချမ်းရေးအတွက် ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများကြောင့် ပြည်နယ်၏လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ကာ တည်ငြိမ်အေးချမ်းမှုရရှိနေသည့်အတွက် ဝမ်းမြောက်မိပါသည်။ ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွားကြရန်ကိုလည်း တိုက်တွန်းအပ်ပါသည်။

ဤကဲ့သို့ ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့်အတူ စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ပိုမိုဖွံ့ဖြိုးစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်အားလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် ဗီယက်နမ် အဖနိုင်ငံတော်တပ်ဦးဗဟိုကော်မတီဥက္ကဋ္ဌ H.E. Mr. Nguyen Thien Nhan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် မြန်မာ- ဗီယက်နမ်လွှတ်တော် ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းမြင့်၊ ဦးအောင်ဆန်း၊ အမျိုးသားလွှတ်တော် ဗီယက်နမ်- မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့်အဖွဲ့ဝင် ဦးဆန်းရယ်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Thanh Dung လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ကနေဒါနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Hon. Bryon Wilfert ဦးဆောင်သည့် ကနေဒါနိုင်ငံ ပါလီမန်ဆိုင်ရာ စင်တာကိုယ်စားလှယ်အဖွဲ့နှင့် IDEA အဖွဲ့တို့အား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးထင်ဇော်၊ ဦးအောင်မြင့်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လွှတ်တော်များ၏ လုပ်ငန်းတာဝန်များကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ ပြုပြင်ပြောင်းလဲရေးတွင် ကနေဒါနိုင်ငံအနေဖြင့် လွှတ်တော်အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် အသိပေးကြေညာချက်အား မတ် ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။ ကြေညာချက်အပြည့်အစုံမှာ-

ရန်ကုန်တိုင်းဒေသကြီးမှ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒေါပုံ၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ ဒဂုံ၊ လသာ၊ ကျောက်တံတား၊ လမ်းမတော်နှင့် ကမာရွတ်မြို့နယ်များတွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ၂၀၁၅ မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်ထိ ၁၄ ရက်တိုင်တိုင် ကြေညာကပ်ထားမည်ဖြစ်သည်။

မိမိတို့၏အမည်မဲစာရင်းတွင် ပါ/မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြရန်ဖြစ်သည်။ မိမိအမည်မပါလျှင် ပုံစံ (၃)ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အချက်အလက်များမှားနေလျှင် ပုံစံ (၄-က)ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

မဲစာရင်းတွင် မပါဝင်သင့်သူများ (ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်နိုင်သည်။

ခေတ္တလာရောက်နေထိုင်သူများ၏အမည်များသည် မိမိတို့အမြဲနေထိုင်သည့်မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများစာရင်း ထုတ်ပြန်ထားကြောင်းသိရ

**နေပြည်တော် မတ် ၁၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

၎င်းအခမ်းအနား အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများကျင်းပခဲ့ရာ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရသူများမှာ ဦးဝင်းမြင့်(ကိုယော-ဘောဂဗေဒ)က ပထမ၊ ဒေါ်ဝေဝေလှိုင်(ဝေဝေလှိုင်)က ဒုတိယ၊ ဒေါ်ယုယုနိုင်(မယု-စက်မှု)က တတိယ၊ ဦးငွေအောင် (သက်ဝေမှူး-မြဝတီ)က နှစ်သိမ့်ဆု(၁)၊ ဦးမြဝင်း(စာဘဏ္ဍာမြဝင်း-ပခုက္ကူ)က နှစ်သိမ့်ဆု(၂) ရရှိကြသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ဦးအောင်မျိုးထွန်း(Upper Myanmar)က ပထမ၊ ဦးမြင့်သန်း (ငွေကြယ်မင်း)က ဒုတိယ၊ ဦးအောင်ဟိန်းအောင်က တတိယ၊ ဦးထက်သူ (ရွှေကျောင်းကြီး)က နှစ်သိမ့်ဆု(၁)၊ ဦးအောင်ကျော်ထွန်း(ပုသိမ်ကြီး)က နှစ်သိမ့်ဆု(၂)၊ ဦးဘိုသင်း (မန်းတက္ကသိုလ်)က နှစ်သိမ့်ဆု (၃) ရရှိသည်။ ဆုရရှိသူများအနေဖြင့် သစ်တောဦးစီးဌာနတိုးချဲ့ပညာပေးရေးဌာနသို့ မတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲအရောက် သတင်းပို့ရမည်ဖြစ်ပြီး မတ် ၂၁ ရက် (စနေနေ့) အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သန်းဦး(လေးမျက်နှာ)**

❀ **ရှု့ဖုံးမှ**

လောလောဆယ်တွင် ခရီးသွားများအတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာနှစ်လုံးရှိပြီး အခန်းပေါင်း ၂၄ ခန်းသာရှိနေသဖြင့် ခရီးသွားများအတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာများ ထပ်မံဆောက်လုပ်ရန် လိုအပ်နေဆဲဖြစ်သည်။ မူလသဘာဝမပျက် တည်ရှိနေသော ခါကာဘိုရာဇီတောင်အား နိုင်ငံတကာမှ ခရီးသွားများ လာရောက်လေ့လာရန် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။

ခါကာဘိုရာဇီတောင် ခရီးစဉ်အတွက် ပူတာအိုမြို့သို့ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပေးဆွဲရန်နှင့် ကားလမ်းခရီးစဉ်များ ပိုမိုပေါ်ထွက်လာရန်လိုအပ်နေဆဲဖြစ်သည်။ ခါကာဘိုရာဇီတောင်အနီး ဖုန်ကန်ရာဇီတောင်လည်းတည်ရှိနေရာ ဖုန်ကန်ရာဇီတောင်သည် အမြင့်ပေ ၉၀၀၀ ကျော်ရှိသည့် တောင်လည်းဖြစ်သည်။

ခါကာဘိုရာဇီတောင်၌ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီဘေးမဲ့တောတို့ကို သဘာဝအခြေခံခရီးသွားလုပ်ငန်း စခန်းများအဖြစ်သတ်မှတ်ထားရာ ခရီးသွားများ ပိုမိုလာရောက်ရေး ဆွဲဆောင်နိုင်သော သဘာဝပတ်ဝန်းကျင်မပျက် ခရီးစဉ်များ ဖော်ထုတ်အကောင်အထည်ဖော်ရမည်ဖြစ်သည်။

ခါကာဘိုရာဇီတောင်ထိပ်တက်ရောက်ခြင်းသည် အလွန်အန္တရာယ်များပြီး ရာသီဥတုလည်း ဆိုးရွားလျက်ရှိသဖြင့် တောင်ခြေအနီးဝန်းကျင်ရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကို လေ့လာနိုင်မည်ဖြစ်သည်။ ရှားပါးလိပ်ပြာများ၊ ရှားပါးငှက်မျိုးစိတ်များ၊ ဇီဝမျိုးကွဲများအပြင် ရှားပါးသစ်ခွများလည်း တည်ရှိနေရာ ကမ္ဘာလှည့်ခရီးသွားများကို လာရောက်ရန် ဆွဲဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်ရေးတွင် သဘာဝအခြေခံခရီးစဉ်များ ပေါ်ထွက်လာရေးမှာလည်း အရေးကြီးသည်။ ယခု ခါကာဘိုရာဇီတောင်ခရီးစဉ်မှာ မြန်မာနိုင်ငံ၌ မပျက်စီး၊ မထိခိုက်သေးသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် တည်ရှိနေလျက်ရှိသည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ် ဥယျာဉ် ၃၃ ခု အနက် တစ်ခုအဖြစ် တည်ရှိနေရာ ဟိုတယ်နှင့် တည်းခိုရိပ်သာများတိုးချဲ့တည်ဆောက်ရန် အစီအစဉ်များလည်း ရှိနေပြီဖြစ်သည်။ ခါကာဘိုရာဇီတောင်ထိပ်သို့ ဂျပန်တောင်တက်သမား တာကာရှီအိုဇာကီနှင့် မြန်မာတောင်တက်လမ်းပြ နမားဂျွန်ဆင်တို့ ၁၉၉၅ ခုနှစ်က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# အစ္စရေးရွေးကောက်ပွဲ လက်ရှိဝန်ကြီးချုပ်၏ပါတီအနိုင်ရ



**တဲလ်အဗစ် မတ် ၁၈**

ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီသည် အစ္စရေးရွေးကောက်ပွဲတွင် အနိုင်ရရှိသွားကြောင်း အစ္စရေးမီဒီယာများက ပြောသည်။

မဲအများစုရေတွက်ပြီး ရလဒ်အရ ပါလီမန်အမတ်နေရာ ၁၂၀ တွင် အမတ်နေရာ ၂၉ နေရာရရှိထားပြီး ပြိုင်ဘက်ဇီယွန်းနစ်ယူနီယံပါတီက ၂၄ နေရာရရှိထားကြောင်း အစောပိုင်းထုတ်ပြန်သော သတင်းများအရ သိရသည်။

အဆိုပါရလဒ်အပေါ် အတည်ပြုပြီးလျှင် မစ္စတာနေတန်ယာဟုအနေဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ်ကို ထူထောင်နိုင်လိမ့်မည်ဟုဆိုသည်။ မစ္စတာနေတန်ယာဟုသည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် အခြားပါတီများ၏ ထောက်ခံမှုကို ရရှိရန် လိုအပ်နေသည်။ ဗဟိုလက်ယာပါတီခေါင်းဆောင်များနှင့် အစိုးရသစ်တစ်ရပ် အမြန်ဆုံးဖွဲ့စည်းသွားရန် မျှော်လင့်ကြောင်း အင်္ဂါနေ့က မဲရုံများပိတ်သိမ်းချိန် မစ္စတာနေတန်ယာဟုက ထောက်ခံအားပေးသူများအား တဲလ်အဗစ်မြို့၌ ပြောကြားလိုက်သည်။

အဆိုပါရွေးကောက်ပွဲအနိုင်ရမှုသည် လီကွတ်ပါတီ၏ မဟာအောင်ပွဲဖြစ်ကြောင်းလည်း မစ္စတာနေတန်ယာဟုက ပြောကြားလိုက်သည်။ ယင်းအောင်ပွဲရလဒ်ကြောင့်လူထု၏ စစ်တမ်းထင်ကြေးပေးမှုမှာလည်း အဆုံးသတ်သွားခဲ့သည်။ လူထုစစ်တမ်းတွင် ဇီယွန်းနစ် ယူနီယံပါတီက မဲသုံးပုံနှစ်ပုံဖြင့် အနိုင်ရလိမ့်မည်ဟုဆိုသည်။

မဲရုံများပိတ်သိမ်းချိန်တွင် အနှစ် ၂၀ အတွင်း အကောင်းဆုံးရလဒ်များ အဆုံးသတ်သွားပြီဖြစ်ကြောင်း အတိုက်အခံပြိုင်ဘက်ပါတီမှ ရစ်ဇတ်ဟာဇိုက ပြောကြားလိုက်သည်။

**(ဘီဘီစီ)**

# အီဂျစ်စစ်ရေးချဲ့ထွင်မှု အိမ်ရာ ၁၀၂၀ ကို ပျက်စီးစေခဲ့

**ကိုင်ရို မတ် ၁၈**

ပိတ်ဆို့ထားသော ပါလက်စတိုင်းပိုင်နက်နှင့်အတူ တပ်နှစ်တပ်အကြားရှိ စစ်မဲ့ဇုန်တစ်ခု တည်ဆောက်ရန်အတွက် ဂါဇာကမ်းမြောင်တောင်ပိုင်း နယ်စပ်အနီး ရာဖာဒေသရှိ နေအိမ်အလုံး ၁၀၂၀ ထက်မနည်းကို အီဂျစ်တပ်မတော်က ဖြိုချလိုက်သည်။

အီဂျစ်လုံခြုံရေး အရာရှိများ၏ ပြောပြချက်အရ ရန်သူတပ် နှစ်တပ်အကြား၌ တိုက်ခိုက်မှုဒဏ် သက်သာစေမည့် စစ်မဲ့ဇုန်ကို နယ်စပ်မှ မီတာ ၅၀၀ အကွာအဝေးထိ ချဲ့ထွင်နိုင်ရန်အတွက် အိမ်အလုံးရေ ၂၀၀ ကျော် ထပ်မံ ဖြိုဖျက်သွားမည်ဟု သိရသည်။



ပြီးခဲ့သည့် အောက်တိုဘာလက ဆိုင်းနိုင်းကျွန်းဆွယ်ရှိ စစ်ဆေးရေးဂိတ်တွင် သေနတ်သမားများ ဝင်ရောက် စီးနင်းတိုက်ခိုက်မှုကြောင့် တပ်သားများစွာ ကျဆုံးခဲ့ပြီးနောက် ကိုင်ရိုမှ ကြေညာချက်ထုတ်ပြန်လိုက်သည့် ယခုအိမ်ရာများ ဖြိုဖျက်ခြင်းစီမံကိန်းသည် ဒုတိယမြောက် စီမံကိန်းအဆင့် ဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုအပြီး၌ အီဂျစ်အာဏာပိုင်များက အစ္စရေးတို့ ကျော်ဖြတ်နိုင်မည့် ဂါဇာကမ်းမြောင်၏ တစ်ခုတည်းသော ကုန်းတွင်းဂိတ်ဖြစ်သည့် ရာဖာနယ်စပ်ကိုပါ ပိတ်ဆို့ခဲ့သည်။ စစ်မဲ့ဇုန်တည်ဆောက်မှု ပထမစီမံကိန်းတွင် အိမ်များနှင့် အဆောက်အအုံ ၈၀၀ ခန့် ဖြိုချဖျက်ဆီးခံခဲ့ရသည်။

အဆိုပါစီမံကိန်းသည် ဂါဇာဒေသမှလူများ အီဂျစ်သို့ ဝင်ရောက်လာခြင်းကို တားဆီးပေးမည်ဟု ကိုင်ရိုက ဆိုသည်။ ဂါဇာဒေသကို ၂၀၀၇ ခုနှစ်ကတည်းက ပိတ်ဆို့ခဲ့ပြီး အဆိုပါ ပိတ်ဆို့မှုသည် အလုပ်လက်မဲ့ ပမာဏ ဆိုးရွားစွာ မြင့်တက်လာခြင်းနှင့် ဆင်းရဲခြင်းကဲ့သို့ လူနေမှုအဆင့်အတန်းနိမ့်ကျမှုကို ဖြစ်လာစေခဲ့သည်။ **(ပရက်စ်တီဗွီ)**

# ဆိုင်ရာနိုက်အဆိပ်ပါဝင်သောစာကို အိမ်ဖြူတော်သို့ပေးပို့

**ဝါရှင်တန်ဒီစီ မတ် ၁၈**

အိမ်ဖြူတော်သို့ပို့လိုက်သော ဆိုင်ရာနိုက်အဆိပ်ပါဝင်သောစာအိတ်ကို အမေရိကန်လျှို့ဝှက်စုံစမ်းစစ်ဆေးရေးဌာနက စမ်းသပ်စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ပုံရိပ်ဖမ်းစက်အကူအညီဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရာ အဆိပ်ပါဝင်သော လက္ခဏာများတွေ့ရသည်။ သမ္မတ၏လုံခြုံရေးကို တာဝန်ယူထားသော လျှို့ဝှက်စုံစမ်းစစ်ဆေးရေးအဖွဲ့က စာအိတ်ပေါ်တွင်တွေ့ရသော ဆိုင်ရာနိုက်အဆိပ်နှင့်ပတ်သက်ပြီး စုံစမ်းမှုများဆက်လက်လုပ်ဆောင်နေကြောင်း ပြောသည်။

တနင်္လာနေ့ကပြုလုပ်သော ကနဦးစမ်းသပ်မှုများတွင် အဆိပ်ပါဝင်ကြောင်း မတွေ့ရသော်လည်း အင်္ဂါနေ့ကထပ်မံပြုလုပ်ခဲ့သော စစ်ဆေးမှုများက ဆိုင်ရာနိုက်အဆိပ်ပါဝင်သည်ဆိုသောအချက်မှာ မှန်ကန်နိုင်ကြောင်း တွေ့ရသည်။

ထွက်ရှိလာသောအဖြေကို အတည်ပြုရန်တွေ့ရှိချက် နမူနာပုံစံကို အခြားလေ့လာမှု ပြုလုပ်ရာနေရာသို့ ပေးပို့ခဲ့ကြောင်း လျှို့ဝှက်စုံစမ်းစစ်ဆေးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဟိုဘတ်စ်က ပြောခဲ့သည်။ စာကို ပထမဆုံး ဖွင့်ဖောက်ခဲ့သော ပုံရိပ်ဖမ်းစက်ဝန်ထမ်းတွင် မည်သည့်အန္တရာယ်မှမဖြစ်သေးကြောင်း ဥပဒေစိုးမိုးရေးအရာရှိတစ်ဦးက စီအင်န်အင်န်သို့ ပြောသည်။

ရှာဖွေတွေ့ရှိမှုကို ရုံးတွင်းဥပဒေစိုးမိုးရေးစာရွက်စာတမ်းကို ရရှိခဲ့သော ကြားဖြတ်စစ်ဆေးရေးအဖွဲ့က ပထမဆုံးထုတ်ဖော်ခဲ့သည်။

အင်္ဂါနေ့အစောပိုင်းက လျှို့ဝှက်စုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဂျိုးဆက်ဖ်ကလန်စီကို သတိပေါ့လျော့မှုအတွက် ကွန်ဂရက်ဆိုင်ရာ ကော်မတီက မေးခွန်းထုတ်ခဲ့သည်။ **(ဘီဘီစီ)**

# တူနီးရှား အမျိုးသားပြတိုက်ကို သေနတ်သမားများက တိုက်ခိုက်ပြီး ကမ္ဘာလှည့်ခရီးသည် ၁၇ဦးကို သတ်ဖြတ်ကာ ဓားစာခံများဖမ်းထား

**တူးနစ် မတ် ၁၈**

တူနီးရှားပါလီမန်အနီးရှိ အမျိုးသားပြတိုက်ကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ၁၇ဦးထက်မနည်း သေဆုံးခဲ့သည့်အပြင် အဆိုပါပြတိုက် အဆောက် အအုံအတွင်း ဓားစာခံများကိုလည်း ဖမ်းဆီးထားကြောင်း တူနီးရှားအစိုးရက ယနေ့ကြေညာသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ရိုင်ဖယ်များဖြင့် လေထုထဲသို့ ပစ်ဖောက်ခဲ့ကြပြီး နိုင်ငံခြားသားခရီးသည်များက အကာအကွယ်များရှိရာသို့ ပြေးလွှားပုန်းခိုခဲ့ကြပုံများကို ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

တူးနစ်မြို့နယ် ပါလီမန်အဆောက်အအုံပရဝဏ်အတွင်းတွင် တည်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစားလည်ပတ်ရာနေရာဖြစ်သည့် ဘာဒိုပြတိုက်အတွင်း စစ်သွေးကြွနှစ်ဦးထက်မနည်းရှိနေရာ ၎င်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းထားကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဥရောပသားကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများအပေါ် အကြီးအကျယ် မှီခိုအားထားနေရသည့် အာဖရိကမြောက်ပိုင်း နိုင်ငံငယ်လေးဖြစ်သောတူနီးရှားနိုင်ငံအဖို့ ၎င်း၏ စီးပွားရေးကို အကြီးအကျယ် ထိုးနှက်ခံလိုက်ရခြင်းပင်ဖြစ်သည်။

ဓားစာခံများသည် မည်သည့်လူမျိုးများဖြစ်ကြောင်း တူနီးရှား အာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း သေဆုံးသွားသူများမှာ ကမ္ဘာလှည့်ခရီးသည် ၁၇ဦးနှင့် တူနီးရှားလူမျိုးနှစ်ဦးတို့ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အယ်ဂျာဇီးရာ ရုပ်သံသတင်းတစ်ရပ်တွင် အဆိုပါ ပြတိုက်စီးနင်း တိုက်ခိုက်မှုအပေါ် သူရဲဘော ကြောင်သောလုပ်ရပ်၊ စက်ဆုပ်ရွံရှာဖွယ် လုပ်ရပ်အဖြစ် တူနီးရှားဝန်ကြီးချုပ်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ထုတ်လွှင့်သွားသည်။ အဆိုပါ တိုက်ခိုက်မှုအတွင်း ၁၉ ဦး သေဆုံးခဲ့ရာ ကမ္ဘာ့လှည့်ခရီးသည် ၁၇ ဦးပါကြောင်း၊ ယင်းအနက် ရှစ်ဦးမှာပြင်သစ်လူမျိုးများဖြစ်ပြီး အီတလီ၊ ပိုလန်၊ ဂျာမန်နှင့်စပိန်လူမျိုးတို့လည်း သေဆုံးခဲ့ကြောင်း၊ အခြားကမ္ဘာလှည့်ခရီးသည် ၂၂ဦးနှင့် တူနီးရှားလူမျိုးနှစ်ဦးတို့ ဒဏ်ရာရသွားကြောင်း တူနီးရှားဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ဖွယ်ရှိသူ သုံးဦးကို ရဲကရှာဖွေနေကြောင်း အယ်ဂျာဇီးရာက ထုတ်လွှင့်သည်။ **(ရိုက်တာ)**



တူးနစ်မြို့ ပါလီမန်အဆောက်အအုံပြင်ပတွင် နေရာယူထားသော ရဲတပ်ဖွဲ့ဝင်များ။

# အကျဉ်းသား ၁၂ ဦးကို ပါကစ္စတန်၌ ကြိုးပေး

**အစ္စလမ္မာဘတ် မတ် ၁၈**

ဒုစရိုက်မှုကျူးလွန်ခဲ့ကြသော အကျဉ်းသား ၁၂ ဦးကို အင်္ဂါနေ့နံနက်က ပါကစ္စတန်ရှိ သက်ဆိုင်ရာ အကျဉ်းထောင်များ၌ ကြိုးပေးကွပ်မျက်လိုက်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။ ပြစ်မှုကျူးလွန်သူ ၁၀ ဦးကို ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းရှိ အကျဉ်းထောင်အသီးသီး၌ကြိုးပေးခဲ့ပြီး နှစ်ဦးကို ကရာချိရှိ မျက်နှာချင်းဆိုင်ကြိုးတိုက်နှစ်ခု၌ ကွပ်မျက်ခဲ့သည်။ စုစုပေါင်း အကျဉ်းသား ၁၄ ဦးကို အင်္ဂါနေ့နံနက်၌ ကြိုးပေးရန်ဖြစ်သော်လည်း တရားလိုများက ခွင့်လွှတ်ပေးလိုက်သည့်အတွက် နှစ်ဦးမှာ ကြိုးပေးခြင်းမှ လွတ်မြောက်ခဲ့သည်။

ကြိုးပေးခံရသူများသည် အိမ်တွင်းအကြမ်းဖက်မှု ပါဝင်ခဲ့ကြသူများဖြစ်သည်။ ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်သည် သေဒဏ်ပေးခြင်းကို ခြောက်နှစ်ကြာ တရားဝင်ရပ်ဆိုင်းထားပြီးနောက် ပြီးခဲ့သည့်ဒီဇင်ဘာလက ပြန်လည်ကျင့်သုံးခဲ့ရာ ရာဇဝတ်မှု ကျူးလွန်သူများနှင့် အကြမ်းဖက်သမားများစွာတို့ ကြိုးပေးခံခဲ့ကြရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အနောက်မြောက်ပိုင်းပြည်နယ်မြို့တော်ဖြစ်သည့် ပတ်ရှ်ဝါရှိ စစ်တပ်ပိုင် ကျောင်းတစ်ကျောင်းကို အကြမ်းဖက်သမားများက စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် ၁၃၄ ဦးအပါအဝင် လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့ပြီးနောက်တွင် တရားဝင်ရပ်ဆိုင်းထားသည့် သေဒဏ်ပေးခြင်းဥပဒေကို မပယ်ဖျက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အကြမ်းဖက်မှုနှင့်ဆိုင်သည့် မှုခင်းများအတွက်သာ ထိုသို့ပြစ်ဒဏ်ပေးရန် အစိုးရက သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ရာဇဝတ်မှုအမျိုးစုံအတွက် ကြိုးပေးကွပ်မျက်သည့်စနစ်ကို အသုံးပြုလာခဲ့သည်။

**(ဆင်ဟွာ)**

ပြည်တွင်းသတင်း

# အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှုရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် ရေယာဉ်နစ်မြုပ်မှုကြောင့် ကွယ်လွန်သူများနှင့် အသက်ရှင်ကျန်ရစ်သူများအား အလှူငွေပေးအပ်

**စစ်တွေ မတ် ၁၈**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၇ ရက်တွင် မြေပုံမြို့နယ် ကျွန်းသာယာအုပ်စု မြောက်ကျိုန်ကျွန်းပိုက်ဆိပ်သို့ နံနက် ၉ နာရီတွင်ရောက်ရှိပြီး မြောက်ကျိုန်ကျွန်းနှင့် အနီးပတ်ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် ကူညီကယ်ဆယ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်များအကြောင်း ရှင်းလင်းပြောကြားကာ ဒေသနေပြည်သူများအတွက် ဆိုလာမီးအိမ် အလုံး ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ကျိုန်ကျွန်းတွင် အခြေချပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော တပ်မတော်ရေမှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဓူဝံကြယ်နာရေးကူညီမှုအသင်း(ကျောက်ဖြူ)နှင့် ဒေသခံလူငယ် ကိုးဦးတို့အား ဂုဏ်ပြုပံ့ပိုးငွေများပေးအပ်ကာ ရေယာဉ်နစ်မြုပ်သည့်နေရာတွင် ဓညဝတီရေတပ်စခန်းမှ တပ်မတော်သားများနှင့် ဒေသခံ ရေငုပ်ကျွမ်းကျင်သူများ၏ ရေငုပ်ရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမြန်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိပြီး ညနေ ၃ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ကျင်းပသော အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှုကြောင့် ကွယ်လွန်ခဲ့သူများနှင့် အသက်ရှင်ကျန်ရစ်သူများအား ထောက်ပံ့အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အသက် သေဆုံးခဲ့သူ တစ်ဦးလျှင် ၁၂ သိန်းနှုန်းဖြင့် ကူညီထောက်ပံ့ငွေများပေးအပ်ပြီး ပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်ခင်က အသက်ရှင်ကျန်ရစ်သူတစ်ဦးလျှင် ငါးသိန်းနှုန်းဖြင့် ကူညီထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက် ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ကျောက်ဖြူမြို့ ဓူဝံကြယ်နာရေးကူညီမှုအသင်းနှင့်ရှာဖွေ ကူညီကယ်ဆယ်ရေးပရဟိတအဖွဲ့များအား ဂုဏ်ပြုပံ့ပိုးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ရေယာဉ်နစ်မြုပ်မှု၌ ကွယ်လွန်သွားကြသူများ၏ မိသားစုဝင်များ၊ အသက်ရှင်ကျန်ရစ်သူများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်မှ ဒဏ်ရာရရှိသူ လူနာငါးဦးအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ကျောက်ဖြူမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကာ ရေယာဉ်နစ်မြုပ်မှုမှ အသက်ရှင်ကျန်ရစ်သူ ခရီးသည်များနှင့်တွေ့ဆုံ၍ နေရပ်သို့ အမြန်ပြန်နိုင်ရေး ပြန်လည်ထူထောင်ရေးအတွက် နှစ်သိမ့်အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ညနေပိုင်းတွင် အောင်တံခွန်-၃ ခရီးသည်တင်ရေယာဉ်သင်္ဘော တိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရ သေဆုံးသူများအတွက် အလှူငွေထောက်ပံ့ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများတက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက အောင်တံခွန်-၃ ခရီးသည်တင်ရေယာဉ် တိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၁၃၀ ဒသမ ၅ သိန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နေသော ဒေသခံကုမ္ပဏီများက ငွေကျပ်သိန်း၂၀၀ စုစုပေါင်း ငွေကျပ် ၃၃၀ ဒသမ ၅ သိန်းအား လှူဒါန်းပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

## အိန္ဒိယအစိုးရအထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်၌ တည်ဆောက်ခဲ့သည့် ကျောင်း ၁၀ ကျောင်း တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံ

**ရန်ကုန် မတ် ၁၈**

အိန္ဒိယအစိုးရ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ရခိုင်ပြည်နယ် မြို့နယ်လေးခုရှိ ကျောင်းဆောင်သစ် ၁၀ ကျောင်းကို မတ် ၁၄ ရက်တွင် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သော နှစ်ဖက်လူ့အဖွဲ့အစည်းများမှ ကျောင်းနေကလေးများအတွက် ကျောင်းဆောင်သစ် ၁၀ ကျောင်း တည်ဆောက်ရန် အိန္ဒိယအစိုးရက အမေရိကန်ဒေါ်လာ ၁ သန်း ပံ့ပိုးကူညီသွားရန် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ၌ ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်တွင် ကတိကဝတ်ပြုခဲ့သည်။

အဆိုပါ ကျောင်းများကို ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောမြို့နယ်တို့တွင် လေးကျောင်းစီနှင့် ကျောက်တော်နှင့် သံတွဲမြို့နယ်တို့တွင် တစ်ကျောင်းစီ တည်ဆောက်ခဲ့ပြီး တစ်ထပ်အဆောက်အအုံများ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍအသီးသီးရှိ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယသံရုံး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**မိုးသူ**

## အင်းတော်မြို့နယ် ရွာဟောင်းရွာအနီး တရားမဝင်တမလန်းသစ် ၃၁ လုံးဖမ်းမိ

**အင်းတော် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွာဟောင်းရွာအနီး တရားမဝင်တမလန်းသစ် ၃၁ လုံး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် နံနက် ၁၀ နာရီက ကသာခရိုင် ထ/နမှ ရဲအုပ်အောင်ကြည်မြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်၏ တရားမဝင်သစ်မှောင်ခိုပပျောက်ရေး စီမံချက်အရ အင်းတော်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်စိုးပါဝင်သော သစ်တောအဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်တမလန်းသစ် မှောင်ခိုသတင်းအရ သက်သေများနှင့် အတူ အင်းတော်မြို့နယ် ရွာဟောင်းရွာအနီး တစ်မိုင်ခန့်တွင် စောင့်ဆိုင်းနေစဉ် တရားမဝင်တမလန်းသစ်များတင်ဆောင်ထားသောယာဉ်ကို ရှာဖွေစစ်ဆေးရာ တရားမဝင် တမလန်းသစ် ၃၁ လုံး ၂ ဒသမ ၅၆၃၂ တန်ကို ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိရပြီး ဥပဒေအရ အရေးယူပေးပါရန် အင်းတော်မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်စိုးက တရားလိုပြုလုပ်ကာ တိုင်ကြားထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရထားပေါ်မှ ခရီးသည်ကျကျန်ခဲ့သည့် လက်ကိုင်အိတ်အား ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေပြီး ပိုင်ရှင်ထံပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၁၈**

နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ ဒေါ်စန်းမြသည် မတ် ၁၅ ရက် နံနက် ၆ နာရီက အမှတ်(၁၂)အစုန် မန္တလေး-ရန်ကုန်ရထား ရိုးရိုးတန်းတွဲ(၃) ခုံအမှတ်(၃၆)မှ စီးနင်းလိုက်ပါလာစဉ် စဥ့်ကိုင်မြို့နယ် မြစ်ငယ်တံတားနှင့် ပလိပ်ဘူတာကြားအရောက် ၎င်း၏အမျိုးသမီးလက်ကိုင်အိတ်မှာ ပြုတ်ကျကျန်နေခဲ့ကြောင်း သိရှိရ၍ ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်နေသည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ(ပဲခူး)မှတပ်ဖွဲ့ဝင်များအား လာရောက် အကြောင်းကြားသဖြင့် အမှတ်(၆)တပ်ခွဲ(မြစ်ငယ်)သို့ ဆက်လက်ဆက်သွယ် အကြောင်းကြားခဲ့သည်။ အကြောင်းကြားချက်အရ အမှတ်(၆)တပ်ခွဲ(မြစ်ငယ်)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ရထားသံလမ်းတစ်လျှောက် လိုက်လံရှာဖွေရာ မြစ်ငယ်ဘူတာနှင့် ပလိပ်ဘူတာကြား မိုင်တိုင်အမှတ်(၃၇၄/၂၀)ရှိ ရထားသံလမ်းနှစ်ခုကြားမှ အမျိုးသမီးလက်ကိုင်အိတ်တစ်လုံးအား တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့သည်။ အဆိုပါ လက်ကိုင်အိတ်အတွင်းမှ ဒေါ်စန်းမြအမည်ပါ ဗဟိုတရားရုံးရှေ့နေ မှတ်ပုံတင်ကတ်ပြားတစ်ခု၊ (၈×၄)လက်မခန့်ရှိ အနက်ရောင်ပိုက်ဆံအိတ် တစ်လုံး၊ ရထားလက်မှတ်တစ်စောင်၊ မြန်မာငွေကျပ် ၇၀၀၀၀၊ ထိုင်းဘတ်ငွေ ငါးဘတ်နှင့် အကြွေစေ့နှစ်စေ့၊ စင်ကာပူဒေါ်လာ တစ်ဒေါ်လာနှင့် အကြွေစေ့တစ်စေ့၊ ပုလဲအသေး တစ်လုံး၊ အနီရောင်ကျောက်အသေး တစ်လုံး၊အစိမ်းရောင်ကျောက်အသေး တစ်လုံး၊ ကျောက်စီလက်စွပ်တစ်ကွင်း၊ Nokia Keypad အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ မှတ်စုစာအုပ်တစ်အုပ်၊ လက်ပတ်နာရီတစ်လုံးတို့ကို တွေ့ရှိရသည်။ ဆက်လက်၍ ဒေါ်စန်းမြအား ဆက်သွယ်ရာ ပျဉ်းမနားဘူတာတွင် လာရောက်ယူဆောင်မည်ဖြစ်ကြောင်း သိရှိရ၍ ရဲထားရဲတပ်ဖွဲ့ အမှတ်(၉)တပ်ခွဲ တပ်စု(၂)(ပျဉ်းမနား)သို့ ပစ္စည်းများကို ပို့ဆောင်ပေးခဲ့သဖြင့် ည ၉ နာရီ ၃၅ မိနစ်တွင် ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းမြထံ တာဝန်ရှိသူများရှေ့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။



**ကိုရဲ**







ဥပဒေရေးရာ

**National Network for Education Reform (NNER)** နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညှိညှိသင်းနှင့် ဦးအောင်မိုးဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# သမိုင်းထဲကကျောင်းသားသမဂ္ဂဟာ ဥပဒေနှင့် အညီ ဖွဲ့ခဲ့တာလား

**ကျော်မျိုးသိန်း-သပြေကုန်း**

စာရေးသူသိချင်သကဲ့သို့ ပြည်သူများလည်း သိချင်လိမ့်မယ်ဆိုပြီး မေးတဲ့မေးခွန်းပါ။ မေးရတဲ့အကြောင်းအရင်းက အချက် (၃)ချက်ရှိပါတယ်။ ပထမအကြောင်းအရင်းက ၁-၂-၂၀၁၅ နေ့က စိန်ရတုခန်းမမှာ ကျင်းပတဲ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျောင်းသားတွေဆွေးနွေးပွဲအကြို တောင်းဆိုခဲ့တဲ့ (၉)ချက်ထဲက **"ကျောင်းသားသမဂ္ဂများကို အသိအမှတ်ပြုရေး"** ဆိုတဲ့အချက်ရယ်၊ ဒုတိယအချက်အနေဖြင့် **"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**မှာ ကျောင်းသားသမဂ္ဂလုပ်ပိုင်ခွင့်ကို နေရာယူထားတာ (၁၁) နေရာရှိနေတာရယ်၊ နောက်ဆုံးအချက်အနေဖြင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ရဲ့ အက်ဥပဒေများမှာ မတွေ့မိလို့ပါ။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ရန်ကုန်တက္ကသိုလ် တည်ထောင်စက ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (The Rangoon University Student's Union) ဆိုတဲ့ အဖွဲ့အစည်းမရှိခဲ့သေးပါ။ ဒါပေမယ့် တက္ကသိုလ်အာဏာပိုင်တွေက အဲဒီလိုအဖွဲ့အစည်းမျိုး ရှိသင့်တယ်လို့တော့ ယူဆခဲ့ကြပါတယ်။ သို့သော် အကောင်အထည်မဖော်နိုင်ခဲ့ကြပါ။ အဲဒီအချိန်က တက္ကသိုလ်ရဲ့ အဓိပတိ (Chancellor ) ဖြစ်သူ ဘုရင်ခံ ဟာကုတ်ဘတ္တလာ (Sir Harcourt Butler) က သူဌေးကြီး ဦးညိုကို မေတ္တာရပ်ခံလို့ ဦးညိုက အဲဒီခေတ်ကျပ်ငွေ ၁၇၀၀၀၀ လှူဒါန်းဆောက်လုပ်ခဲ့ပါတယ်။ အဲဒီအဆောက်အအုံလှူသဖြင့် ဦးညိုကို ဒေါက်တာဘွဲ့ပေးခဲ့လို့ ငွေမျက်နှာဖြင့် ဒေါက်တာဘွဲ့ကို လွယ်လွယ်ကူကူရသွားသူလို့ ပြောင်လှောင်ခဲ့ကြပါတယ်။ အဆောက်အအုံကို ၁၉၂၉ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၃၀ နှစ်လယ်လောက်မှာ ပြီးခဲ့တယ်လို့ မှတ်သားရပါတယ်။

အဆောက်အအုံပြီးတဲ့အခါမှာ ကိုကျော်ခင်(ဥက္ကဋ္ဌ) ပါဝင်တဲ့ ကျောင်းသားသမဂ္ဂ စည်းမျဉ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး ရေးဆွဲခဲ့ပါတယ်။ ထိုသို့ရေးဆွဲရာတွင် အောက်စဖို့နှင့် ကိန်းဘရစ်တို့ရဲ့ သမဂ္ဂပုံစံကို အထူးစံထား ရေးခဲ့တယ်လို့ ဒေါက်တာ ညီညီရဲ့ ရန်ကုန်တက္ကသိုလ်နှစ်(၄၀) မြောက်နှစ်ပတ်လည်စာစောင်မှာ ရေးသားခဲ့ပါတယ်။ ရေးဆွဲရေးကော်မတီက ရေးဆွဲသောမူကြမ်းကို ကျောင်းသားများက လက်ခံသော်လည်း တက္ကသိုလ်အက်ဥပဒေနှင့် ဆန့်ကျင်နေတာကြောင့် တက္ကသိုလ်အာဏာပိုင်တွေ လက်မခံခဲ့ပါ။ သမဂ္ဂဥက္ကဋ္ဌအဖြစ် ၁၉၃၆ -၃၇ မှာ ဆောင်ရွက်ခဲ့တဲ့ ဦးရာရှစ်ရဲ့အဆိုအရ သမဂ္ဂအမှုဆောင်နှင့် တက္ကသိုလ်အာဏာပိုင်အကြား အကြိမ်ကြိမ်ညှိနှိုင်းမှုတွေ လုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။ သူ့ရဲ့ **"တကသ ဤသို့စခဲ့သည်"** ဆောင်းပါးမှာ ဖော်ပြထားခဲ့တာပါ။ ပြီးတော့ အမှုဆောင်တွေရွေး၊ အဆောက်အအုံလွှဲယူ စသည်တို့ ဆောင်ရွက်ခဲ့ပါတယ်။

အထက်ဖော်ပြချက်တွေဟာ သမဂ္ဂအဖွဲ့ဟာ စည်းမျဉ်းနှင့်အညီ ပေါ်ပေါက်ခဲ့တဲ့ အဖွဲ့အစည်းဆိုတာကို သမိုင်းမှာ အထင်အရှားရှိခဲ့တယ် ဆိုတာ မငြင်းလိုပါ။ ဒါပေမယ့် အဲဒီစည်းမျဉ်းကို ရေးဆွဲခွင့်ဟာ ဘယ်ဥပဒေအရ ခွင့်ပြုခဲ့သလဲ၊ ဥပဒေအရ ပေါ်ပေါက်ခဲ့တာဆိုရင် ဘယ်သူ(သို့) အဖွဲ့က အတည်ပြုသလဲဆိုတာရယ်၊ စည်းမျဉ်း(သို့) ဥပဒေအာနိသင် (force of law) ရှိနေအောင် ဘယ်ဥပဒေအရ အသက်သွင်းထားတယ်ဆိုတဲ့ ( legal basis) ကို ရှာမတွေ့လို့ပါ။ ရန်ကုန်တက္ကသိုလ်ရဲ့ ၁၉၂၀ ခုနှစ် ဥပဒေကို ပြင်ဆင်ဖြည့်စွက်ထားပြီး ၁၉၅၉ ခုနှစ်မှာထုတ်ဝေထားတဲ့ ဥပဒေမှာရှာကြည့်မိပါတယ်။ ကျောင်းသားသမဂ္ဂ(Student Union)ဆိုတဲ့ စကားလုံးကိုတောင် ရှာမတွေ့ပါ။ ဆိုလိုတာက **"၁၉၃၀ ခုနှစ်မှာ ကျောင်းသားထု ထောက်ခံ အတည်ပြုထားတဲ့ အသင်းအဖွဲ့ စည်းမျဉ်းဖြင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းလို့ရပါသလား၊ ရခဲ့ရင်လည်း တရားဝင်ရဲ့လားဆိုတာပါ။"**

မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂစည်းမျဉ်းဥပဒေ (၁၉၅၄- ၁၉၅၅) ဆိုတာလည်း ပေါ်ထွက်ခဲ့ကြောင်း လေ့လာမိပါတယ်။ သို့သော် ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(၁)၏ အပိုဒ်ခွဲ(ဠ)တွင်သာ **"မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂ၏အမှုဆောင်အဖွဲ့က အမည်စာရင်းသွင်းသော"**ဟုဆိုပြီး ဥပဒေပုဒ်မပေါင်း (၂၈) ခုမှာ ခုလို တစ်နေရာသာ သုံးနှုန်းထားပါတယ်။ ထိုစကားရပ်သည် ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်နှင့် မည်သို့မျှမသက်ဆိုင်ပါ။ အထက်ပါ **"မန္တလေးတက္ကသိုလ်ကျောင်းသားသမဂ္ဂ စည်းမျဉ်းဥပဒေ"**သည်လည်း မန္တလေးတက္ကသိုလ်အဆင့်မရောက်မီ ၁၉၅၄-၅၅ ခုနှစ်ကတည်းက ရေးဆွဲခဲ့တာပါ။ **"မန္တလေးတက္ကသိုလ်"**ဟူသော တရားဝင်အဆင့်မရောက်မီက (ထိုအချိန်ကမန္တလေး ယူနီဗာစီတီကောလိပ်အဆင့်သာရှိပါသေးတယ်)ရေးဆွဲထားပြီး **"မန္တလေးတက္ကသိုလ်"**ဟုသုံးစွဲထား၍ အသုံးနှုန်းကိုက တက္ကသိုလ်ဥပဒေမပေါ်ပေါက်မီက သုံးစွဲထားသဖြင့် **"တရားမဝင်"** ဖြစ်နေပါတယ်။ ထိုစည်းမျဉ်းဥပဒေ တရားဝင်အဆင့်ရောက်ခဲ့ဟန်မတူပါ။

၁-၂-၂၀၁၅ နေ့ စိန်ရတုခန်းမ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျောင်းသားတွေတောင်းဆိုတဲ့ (၁၁)ချက်ကို မဆွေးနွေးမီ(၉)ချက်ကို အရင်တောင်းတာ အားလုံးအသိပါ။ အဲဒီအထဲမှာ ကျောင်းသားသမဂ္ဂကို အသိအမှတ်ပြုရေးဆိုတာကလည်း တစ်ချက်ပါတယ်။ အဲဒါကို အသိအမှတ်ပြုလို့ ယခုလို ဆွေးနွေးပွဲလုပ်တာပါလို့ပြောတော့ **"တရားဝင်အသိအမှတ်ပြုရေး"**ဆိုတာကို ထပ်တောင်းဆိုပါတယ်။ တရားဝင်ဆိုတာဟာ **"အသင်းအဖွဲ့"**ဥပဒေနဲ့ညီပါမှဆိုတာပြောလည်း လက်မခံပါ။ အဲဒီနေ့က အချိန်တွေကြာညောင်းခဲ့ပါတယ်။ ဒါနဲ့ တက္ကသိုလ်မှာ ကထိကလုပ်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက စာသားလေးပြင်ပေးပါတယ်။ **"ကျောင်းသားသမဂ္ဂကို အသိအမှတ်ပြုသည်၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက်ဖွဲ့စည်းရမည်"**ဟုပါ။ အဲဒီမှာ ကျောင်းသားအဖွဲ့က **"စည်းမျဉ်းစည်းကမ်းနှင့်အညီ"**ဆိုတာကို လက်မခံပါတဲ့။ အဲဒီနေ့က တက်ခဲ့သူ (တံခါးဖွင့်ဆွေးနွေးပွဲမို့ စိတ်ဝင်စားသူတစ်ဦးပါ)က ပြန်ပြောပြခဲ့တာကို ကြားလို့ပါ၊ ဘာဖြစ်လို့ လက်မခံတာလဲဆိုတော့ သူတို့ဆန္ဒနဲ့မညီတဲ့ စည်းကမ်းဖြစ်မှာစိုးလို့တဲ့။ အဲဒီလိုပြောတာ အကြောင်းနှစ်ချက်ဖြစ်နိုင်ပါတယ်။ တစ်ကြောင်းက တကယ့်အကောင်အထည်ဖော်သူရဲ့ အခြေအနေနှင့်ညီညွတ်မှုရှိအောင်ပါ။ ဒုတိယအချက်က သူတို့စည်းလွတ်၊ ဝါးလွတ် လုပ်ချင်တာလုပ်နိုင်အောင်လည်းဖြစ်နိုင်ပါတယ်။ စာရေးသူမြင်တဲ့အမြင်နှစ်မျိုးပါ။

ပြီးတော့ သတင်းစာမှာပါတဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာ ကျောင်းသားသမဂ္ဂဆိုတာ (၁၁)နေရာပါဝင်ပြီး အမျိုးသားပညာရေးကို ပြင်ဆင်သည့်ဥပဒေမူကြမ်းပုဒ်မ ၂၂ (က)(ကက) တွင် **"ကျောင်းသားသမဂ္ဂများကို ကျောင်းသူကျောင်းသားကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်ရှိရမည်"** လို့ ပါရှိထားလို့ပါ။ **"ကျောင်းသားများကိုယ်တိုင်"**ဆိုတာတော့ လက်ခံပါတယ်။ ပထမဆုံးစဖွဲ့စည်းစဉ်အချိန်( ၁၉၃၀) တုန်းကလည်း အဲဒီလိုလုပ်ခဲ့တာမို့ပါ။ ဒါပေမယ့် အထက်မှာဆိုခဲ့သလို တက္ကသိုလ်ဥပဒေနဲ့ မညီလို့ တက္ကသိုလ်အာဏာပိုင်တွေက ကန့်ကွက်ခဲ့တာမမေ့စေချင်ပါ။ ဒါကြောင့် တက္ကသိုလ်အတွင်းမှာ ဖွဲ့တာဆိုရင်တော့ အဲဒီစည်းမျဉ်းဟာ တက္ကသိုလ်ရဲ့ပဋိညာဉ်နဲ့အညီသာ ဖြစ်ရပါမယ်။ **"လွတ်လပ်စွာ"** ဆိုပေသည့် ပဋိညာဉ်နဲ့ နိုင်ငံအတွင်း တည်ဆဲအခြားဥပဒေများနှင့်အညီ ဖြစ်ကိုဖြစ်ရပါမယ်။ အဲဒီလို တည်ဆဲဥပဒေနှင့်ညီမှသာ ထူထောင်ခွင့်ရမှာပါ။ ထူထောင်ခွင့်ရပြီဆိုရင်လည်း **"ဥပဒေနှင့်အညီသာ လှုပ်ရှားခွင့်"** ရှိမှာဆိုတဲ့အချက်ကိုတော့ လုံးဝမမေ့သင့်ပါ။

တက္ကသိုလ်ကျောင်းသား သမဂ္ဂသမိုင်းကိုကြည့်ရင် စတင်ဖွဲ့စည်းခဲ့ရခြင်း ရည်ရွယ်ချက်က **"ကျောင်းသားများ မိမိကိုယ်မိမိအားကိုး၍ လွတ်လပ်စွာဆောင်ရွက်လိုသောစိတ်ဓာတ်၊ တာဝန်ဝတ္တရားကိုသိသော စိတ်ဓာတ်အပါအဝင် စာပေအသိဉာဏ်ဖွံ့ဖြိုးရေးနှင့် လူမှုဆက်ဆံရေးတို့တွင်လည်း တတ်သိနားလည်ရေးတို့အတွက်ဖြစ်သည်"** တို့သာဖြစ်ပါတယ်။ ကိုလိုနီခေတ်မှာ သမဂ္ဂအကွဲအပြဲမရှိခဲ့ပါ။ လွတ်လပ်ရေးရပြီးကာလမှာတော့ အဖွဲ့ပေါင်း (၂၁) ဖွဲ့ ပေါ်ပေါက်ခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ **"တပ်ဦး" "ရဲခေါင်" "တိုးတက်" "ဒီမိုကရက်တစ်"**နှင့် **"သန့်ရှင်း"**စသည်တို့ဟာ ထင်ရှားတဲ့အဖွဲ့များဖြစ်ပါတယ်။ တော်တော်များများအမြင်ကတော့ မူလရည်မှန်းချက်များနဲ့ လွဲချော်ကာ **"နိုင်ငံရေး"**ပါလာလို့ဟု ဆိုပါတယ်။ ဒီနေရာမှာ ပြောစရာကျန်ခဲ့တာက ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂသာမက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့(ဗကသ) ကိုပါ ဖွဲ့စည်းခဲ့ကြောင်း တွေ့ရပါတယ်။ သို့ပေမယ့် အဲဒီလို ဖွဲ့စည်းခဲ့တာဟာလည်း ဘယ်လိုစည်းမျဉ်းဥပဒေအရ ဖွဲ့စည်းခဲ့တာဆိုတာကိုတော့ စာရေးသူ လက်လှမ်းမမီခဲ့ပါ။ လေ့လာသမျှ မတွေ့မိသေးပါ။ တရားဝင်အဆင့် (Legal status) ရှိ မရှိလည်း မသိခဲ့ပါ။ ဥပဒေပညာရှင်များနှင့် သမိုင်းပညာရှင်များ သိသူပညာရှင်များက ဝိုင်းဝန်းဖြေကြားပေးကြပါ။ ဗကသကို ဖွဲ့ခဲ့တာဟာ ဥပဒေနဲ့ ညီသည် (သို့) မညီဘူး ဆိုတာကို ပြည်သူတွေအသိအမြင်ရှင်းစေရန်အတွက် ရေးသားပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

သမိုင်းစဉ်တစ်လျှောက် ဥပဒေနဲ့ အညီဖွဲ့ခဲ့သလား၊ မဖွဲ့ခဲ့သလားဆိုတာနှင့်ပတ်သက်၍ စာရေးသူသိတာကတော့ ၁၉၅၉ ခုနှစ်တွင် ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအထိတော့ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းတည်ထောင်ခွင့်ကို မတွေ့မိပါ။ အဲဒီဥပဒေမှာ Student Union ဆိုတဲ့စကားလုံးတောင် ရှာမတွေ့ခဲ့ပါ။ ထို့အတူ အထက်မှာပြောခဲ့သလို ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ် အက်ဥပဒေမှာလည်း ဖွဲ့စည်းရန်ခွင့်ပြုထားတာ မတွေ့ပါ။ ထို့အပြင် တက္ကသိုလ်နှစ်ခုစလုံး၏ စီမံခန့်ခွဲရေးတွင် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့ဝင်များအဖြစ် ပါဝင်ခွင့်မရှိကြောင်း၊ အထက်ပါတက္ကသိုလ်ဥပဒေနှစ်ခုက အထင်အရှားပြဆိုထားပါတယ်။ အထက်ပါကဲ့သို့ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၉၅၉ တွင် Student Union စကားလုံးတစ်လုံးမျှ မတွေ့ရခြင်းနှင့် ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေတွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂဟူသည့် ဝေါဟာရကို တစ်နေရာသာ သုံးစွဲခဲ့သည့် အဖွဲ့အစည်းသည် ဘာကြောင့်များ ယခုအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်အပါအဝင် တက္ကသိုလ်၏ စီမံခန့်ခွဲမှုတွင် ဝင်ရောက်စွက်ဖက်သည့်အချက်ပေါင်း (၁၁) ချက် ပါဝင်နေရပါသလဲ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား မိဘပြည်သူများ၊ ဆရာ၊ ဆရာမများ သတိပြုနိုင်ရန်နှင့် ဥပဒေကြမ်းတွင် ထည့်သွင်းသင့်၊ မသင့်ကို စဉ်းစားဆုံးဖြတ်နိုင်ပါရန် အကြံပြုရေးသားလိုက်ရပါတယ်။

> **တက္ကသိုလ်ကျောင်းသား သမဂ္ဂသမိုင်းကိုကြည့်လျှင် စတင်ဖွဲ့စည်းခဲ့ရခြင်း ရည်ရွယ်ချက်က "ကျောင်းသားများ မိမိကိုယ်မိမိအားကိုး၍ လွတ်လပ်စွာ ဆောင်ရွက်လိုသောစိတ်ဓာတ်၊ တာဝန်ဝတ္တရားကိုသိသော စိတ်ဓာတ်အပါအဝင် စာပေအသိဉာဏ်ဖွံ့ဖြိုးရေးနှင့် လူမှုဆက်ဆံရေးတို့တွင်လည်း တတ်သိနားလည် ရေးတို့အတွက်ဖြစ်သည်"**

## တိုင်းရင်းသားပြည်သူများအား လေ့လာရေးခရီးပို့ဆောင်

**တောင်ငူ မတ် ၁၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ထီးထကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၂၈ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် မတ် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ကြည့်ရှုလေ့လာကြသည်။

လေ့လာရေးအဖွဲ့သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမသို့ ရောက်ရှိကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တောင်ငူမြို့ရှိ ကောင်းမှုတော်စေတီတော်၊ ရွှေဆံတော်စေတီတော်နှင့် ပကူးကရင်နှစ်ခြင်း ခရစ်ယာန်ကျောင်းသို့ သွားရောက်ခဲ့ပြီးနောက် တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ မြစေတီဆန္ဒတော်ပြည့် မိုးကုတ်ရိပ်သာကျောင်းတိုက်၌ ညအိပ်တည်းခိုကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

**ပဲခူး မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် စခန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။ အခမ်းအနားတွင် သာယာဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်မြင့်နိုင်က မိုးပွင့်(အထူး) စီမံချက်ဆိုင်ရာ လုပ်ငန်းကို ရှင်းလင်းပြောကြားခဲ့ပြီး အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူများနှင့် ပျောက်ပျက်မိတ္တူ လျှောက်ထားသူစုစုပေါင်း ၁၀၉ ဦးအား စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများအပေါ် တင်ပြခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး

**နေပြည်တော် မတ် ၁၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေး ပူးပေါင်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များ**နှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဦးစိုးသာက တင်ပြရာတွင် စီမံကိန်းနှင့် ဘတ်ဂျက်ကို လွှတ်တော်အနေဖြင့် စိစစ်ရာတွင် စီမံကိန်းများနှင့် ပတ်သက်၍ မိမိနိုင်ငံပိုင်ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်း၊ ချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းတို့ကို ဆောင်ရွက်ဆဲစီမံကိန်း၊ စီမံကိန်းသစ်ဟူ၍ ခွဲခြားဆောင်ရွက်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် စီမံကိန်းတစ်ခုချင်းအလိုက် ယခုနှစ်အထိ စီမံကိန်းပြီးစီးမှုရာခိုင်နှုန်း မည်မျှလာမည်၊ မည်မျှရာခိုင်နှုန်းပြီးမည်၊ စီမံကိန်းတစ်ခုလုံးကို မည်သည့်နှစ်တွင် ပြီးမည်ဆိုသည်ကို စိစစ်ကြည့်ရှုသုံးသပ် ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ရောက်မည့် အကျိုးအပြစ်၊ ဆောင်ရွက်ပြီးစီးမှု ရှိ၊ မရှိတို့ကိုပါ စိစစ်ဆောင်ရွက်ခဲ့ပြီးမှ လျှော့သင့်၊ လျှော့ထိုက်သည်များကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

အဖွဲ့ ၁၉ ဖွဲ့၏ စိစစ်ချက်အရလည်းကောင်း၊ ဗဟိုအဖွဲ့ခွဲ လေးဖွဲ့၏ စိစစ်ချက်အရလည်းကောင်း၊ စီမံကိန်းများကို ငြင်းပယ်မှုသည် မရှိသလောက်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်ကို စိစစ်သည့်အခါတွင် ကော်မတီအနေဖြင့် လွှတ်တော်ကို ကိုယ်စားပြုပြီး နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် လုပ်သင့်၊ လုပ်ထိုက်သော စီမံကိန်းများ၊ လုပ်ငန်းများ၊ အစီအစဉ်များကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်နိုင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါကြောင်းနှင့် လွှတ်တော်တွင် ကတိကဝတ်ဖြစ်သည့် လုပ်ငန်းကို ယခု ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် ထည့်သွင်းပေးစေလိုကြပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများအပေါ် လျှော့၍ ခွင့်ပြုရန်၊ ငြင်းပယ်ရန် တင်ပြခြင်းများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ **ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး** က ဝန်ကြီးဌာနများအနေဖြင့် ရရှိခွင့်ပြုထားသည့်ငွေများကို စိစစ်ဆောင်ရွက်မှသာ ယခုထက်ပိုမိုပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ၎င်းတို့ရရှိထားသည့် ကတိကဝတ်များ ပျက်မည်ကိုစိုးရိမ်နေပါကြောင်း၊ မိမိအနေဖြင့် လျှော့ချရသည့်ရည်ရွယ်ချက်မှာ ဘတ်ဂျက်ကုန်ကျမှုများ လျှော့ချနိုင်ရန်နှင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ပေါက်နိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ထို့ပြင် စာရင်းစစ် ကန့်ကွက်ချက်များကိုလည်း လျှော့ချရန်နှင့် အရည်အသွေးပြည့်ဝသည့် လုပ်ငန်းစီမံကိန်းများ ပေါ်ပေါက်စေရန်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအား အရည်အသွေးမီရေးနှင့် သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို** က ရငွေသုံးငွေများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးမှတာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်းပြီး ဝန်ကြီးဌာန၏ လိုအပ်ချက်၊ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရမည့် အချိန်ကာလ စသည်တို့ကို အဘက်ဘက်မှ လေ့လာသုံးသပ်ပြီး အဆိုပြုတင်ပြခြင်းဖြစ်ပါကြောင်း၊ ယခုလျှော့ချရန် အဆိုပြုတင်ပြခဲ့သည့် လုပ်ငန်းခေါင်းစဉ်များသည် ဝန်ကြီးဌာနများအတွက် အခက်အခဲ ရှိကောင်းရှိမည်မှန်သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရပ်ရပ်ကို ရှေးရှုပြီး ဖြစ်နိုင်ခြေရှိသည့် အနေအထားများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း** က မအောင်မြင်သည့် စီမံကိန်းများအား ရပ်သင့်လျှင် ရပ်လိုက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ မအောင်မြင်သည့်စီမံကိန်းများ ရပ်လိုက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေများကို ခြိုးခြံချွေတာရာ၊ အလွဲသုံးစားမပြုရာ ရောက်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ** က နိုင်ငံတော်၏ဝင်ငွေကို ဦးစီးဦးဆောင်ပြု၍ ရှာဖွေသုံးနေရသည့် အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများကို လွှတ်တော်အပိုင်းက အထောက်အကူဖြစ်စေရန် ဘေးတိုက်အကူအညီပေး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏စီးပွားရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီး တည်ငြိမ်မှုနှင့်တိုးတက်နေရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဆွေးနွေးချက်များသည် ယင်းအချက်များအပေါ် အလေးထား၍ ဆွေးနွေးနေခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်း ရုပ်သိမ်းရန် ပြည်ထောင်စုဝန်ကြီး လွှတ်တော်သို့ တင်ပြ

**နေပြည်တော် မတ် ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ပြည်ပမှ ခိုးသွင်းလာသည့် ရုစ်ပေစလောင်း၊ JPM ခေါ် လိမ္မော်ရောင်ဗန်း၊ PSI ခေါ် အမည်းရောင်ဗန်းစသည်ဖြင့် တရားမဝင်ဂြိုဟ်တုစလောင်းများနှင့် ပတ်သက်၍ မည်ကဲ့သို့အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ ၅ တွင် ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်းမပြုရဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၆ တွင် ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့ခြင်း၊ တင်သွင်းခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖောက်ဖျက်ကျူးလွန်ပါက (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိသောကြောင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ အနေဖြင့် ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ(စလောင်းဗန်း) ပစ္စည်းများကို တရားမဝင်တင်သွင်းလာပါက ၂၀၁၂ ခုနှစ် ပို့ကုန်/သွင်းကုန်ဥပဒေဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့ပြင် ပြည်တွင်းရုပ်သံလိုင်းများမှ ၎င်းတို့၏ နစ်နာမှုများကို တိုင်ကြားလာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် အကာအကွယ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ တရားမဝင် တင်သွင်းလာသော အဆိုပါဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များဖြစ်သည့် ရုစ်ပေစလောင်း၊ JPM ခေါ် လိမ္မော်ရောင်ဗန်းနှင့် PSI ခေါ် အမည်းရောင်ဗန်းများမှ ထုတ်လွှင့်မှုများသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီဘဲ ဘာသာရေးပဋိပက္ခဖြစ်စေရန် လှုံ့ဆော်ခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးစော်ကားခြင်းများ ပါဝင်လာပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ကြီးကြပ်သွားမည် ဖြစ်ပါကြောင်းဖြင့်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# မိတ္ထီလာမြို့ရှောင်လမ်းကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၏ **“မြင်းခြံ-မိတ္ထီလာ-မန္တလေး မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရှင်းလင်းဖြေကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့် မိတ္ထီလာ-မြင်းခြံလမ်းနှင့် ရန်ကုန်-မိတ္ထီလာ-မန္တလေးလမ်းတို့ကို ဆက်သွယ်မည့် မိတ္ထီလာမြို့ရှောင်လမ်းကို ၁၉၉၁ ခုနှစ်တွင် စည်ပင်သာယာရေး ဦးစီးဌာနမှ ဖောက်လုပ်ခဲ့ပြီး လေးမိုင်ခန့် အရှည်ရှိသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ အဆိုပါ မိတ္ထီလာ မြို့ရှောင်လမ်းကို မိမိတို့ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။



ပြည်ထောင်စု ဝန်ကြီး ဦးကျော်လွင် ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **“မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်အား နိုင်ငံခြားခရီးသွားလုပ်ငန်း မြှင့်တင်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ရှင်းလင်း ဖြေကြားရာတွင် ချင်းပြည်နယ်အနေဖြင့် ယခုအခါ ပလက်ဝမြို့နယ်အပါအဝင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အထူးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မေးခွန်းပါ နိုင်ငံခြားခရီးသွားလုပ်ငန်းအပါအဝင် ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးကို ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်နေခြင်းမှာ ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရုံသာမက အဆိုပါ ခရီးသွားလုပ်ငန်းများ ရင်းနှီးမြှုပ်နှံ



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# မြန်မာ-တူရကီ တပ်မတော်နှစ်ရပ်အကြားဆက်ဆံမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Murat Yavuz Ates အား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့် ဆောင်ရွက်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တူရကီသမ္မတနိုင်ငံတို့သည် ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပြီး တူရကီသံရုံးကို ရန်ကုန်မြို့၌ ၂၀၁၃ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(မြဝတီ)**



*ပြည်သူ့လွှတ်တော်မှ*

ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆက်စပ်မေးခွန်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနမှ ဖြေကြားပေးရန် မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ပြောကြားခဲ့သော အရပ်အခေါ် လိမ္မော်ရောင်ဗန်း၊ အမည်းရောင်ဗန်းများတွင် မိမိတို့ နိုင်ငံနှင့်မသင့်လျော်သည့်၊ ညစ်ညမ်းသည့် ရုပ်သံလိုင်းများပါရှိပါကြောင်း၊ လောင်းကစားလိုင်းများလည်း ပါရှိပါကြောင်း၊ အမည်းရောင်ဗန်းများတွင်လည်း အစွန်းရောက်အယူအဆများပါသည့် ရုပ်သံလိုင်းများ ပါရှိပါကြောင်း၊ ယင်းကိစ္စများကို ထိန်းသိမ်းနိုင်ရန် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းရုပ်သံလိုင်းများမှာ ဂြိုဟ်တုမှ ထုတ်လွှင့်ခြင်းဖြစ်သည့်အတွက် နည်းပညာအရ spill over ဖြစ်ပြီး မိမိတို့နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည့်အတွက် ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ Skynet ရုပ်သံလိုင်းများသည်လည်း ဂြိုဟ်တုမှ ထုတ်လွှင့်ခြင်းဖြစ်သည့်အတွက် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း၊ သို့သော်လည်း ယခုကဲ့သို့ တရားမဝင် စလောင်းများ တင်သွင်းခြင်းကို ချုပ်ကိုင်ထားခြင်းကြောင့် Skynet နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုနိုင်သည့် စလောင်းများကို တင်သွင်း၍ မရပါကြောင်း၊ ဆက်သွယ်ရေးဥပဒေ ထုတ်ပြန်ထားရှိပြီး လွှတ်တော်သို့လည်း ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းထားပါကြောင်း၊ သို့ဖြစ်၍ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေကိုပြည်သူ့လွှတ်တော်၌ စဉ်းစားသည့်အခါ တရားမဝင်ဂြိုဟ်တုစလောင်းများနှင့် ပတ်သက်သည့် အချက်များထည့်သွင်းရန် သင့်၊ မသင့်ကို ဥပဒေကြမ်းကော်မတီအနေဖြင့် စဉ်းစားသင့်ပါကြောင်း၊ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၏ **နယ်မှလာသည့် မော်တော်ယာဉ်များကို သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး အစရှိသော မြို့နယ်များမှ ယာဉ်များ၏ မြို့ဝင်ကြေးနှုန်းထားအတိုင်း တူညီစွာသတ်မှတ်ပေးရန် သို့မဟုတ် မြို့တော်နယ်နိမိတ်ပြင်ပရှိ ယာဉ်များ၏ တန်ဖိုးနှုန်းထားအတိုင်း မြို့ဝင်ကြေးကောက်ခံမှုအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရန်ကုန်တိုင်းဒေသကြီးပြင်ပမှ မော်တော်ယာဉ်များ (နယ်မှလာရောက်သည့် မော်တော်ယာဉ်များ) ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြု မောင်းနှင်ခြင်းအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် လက်ရှိကောက်ခံနေသည့် မြို့ဝင်ကြေး နှုန်းထားများအတိုင်း ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်မှလာရောက်သည့် မော်တော်ယာဉ်များကို သန်လျင်၊ မှော်ဘီ၊ တိုက်ကြီးအစရှိသောမြို့နယ်များမှ မော်တော်ယာဉ်များ၏ မြို့ဝင်ကြေးနှုန်းထားအတိုင်း တူညီစွာသတ်မှတ်ပေးရန် သို့မဟုတ် မြို့တော်နယ်နိမိတ်ပြင်ပရှိယာဉ်များ၏ တန်ဖိုးနှုန်းထားအတိုင်း မြို့ဝင်ကြေးကောက်ခံမှုကို ပြင်ဆင်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ တင်ဒါခေါ်ယူခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လုပ်ငန်းတန်ဖိုးကျပ် ငါးသန်းအောက်ဖြစ်ပါက တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ ဌာနတွင်း ဘုတ်အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်တာဝန်ပေးအပ် ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းတန်ဖိုးကျပ်ငါးသန်းမှ သန်း ၅၀ အထိ လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ ခရိုင်အင်ဂျင်နီယာမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် နှစ်ပတ်ကြိုတင်ကြေညာကာ ဘုတ်အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းတန်ဖိုးကျပ်သန်း ၅၀ အထက် လုပ်ငန်းများအတွက် နိုင်ငံပိုင်သတင်းစာတွင် ကြေညာ၍ အနည်းဆုံး တစ်လကြိုတင် တင်ဒါခေါ်ယူပြီး ဆောင်ရွက်ပါကြောင်း၊ တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သော ကျပ်ငါးသန်းနှင့်အထက် လုပ်ငန်းများမရှိခဲ့ပါကြောင်း၊ ဌာနမှ တာဝန်ယူဆောင်ရွက်သော လုပ်ငန်းများအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပစ္စည်းတင်ဒါကြော်ငြာခေါ်ယူ ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်း၊ တံတား လုပ်ငန်းတင်ဒါခေါ်ယူရာမှ ပိုလျှံလာသော ရန်ပုံငွေများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းပြောင်းလဲဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်း၊ တံတား လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ ဦးဆောင်သော မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းခဲ့သော **အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း**ကို ရုပ်သိမ်းရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် မိမိတို့နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံပိုင်မီဒီယာများကို အများပြည်သူဝန်ဆောင်မှု မီဒီယာများအဖြစ် ပြောင်းလဲရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၂ ဇွန်လတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့သည် ဥရောပလေးနိုင်ငံတွင် သွားရောက် လေ့လာမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၂ စက်တင်ဘာလတွင် ရန်ကုန်မြို့၌ နိုင်ငံတကာ အများပြည်သူဝန်ဆောင်မှုမီဒီယာ ကွန်ဖရင့် တစ်ရပ်ကို ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၂ ဒီဇင်ဘာလတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများကို အများပြည်သူဝန်ဆောင်မှု မီဒီယာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ထို့နောက် ယူနက်စကိုနှင့် ပူးပေါင်းကာ အများပြည်သူ ဝန်ဆောင်မှုမီဒီယာကို ရေးဆွဲခဲ့ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြခဲ့ပါကြောင်း၊ ထိုသို့ ရေးဆွဲဆောင်ရွက်မှုများကို အများပြည်သူ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပါကြောင်း၊ သို့သော်ရရှိလာသည့် အများပြည်သူများ၏ အကြံပြုချက်များအပေါ်တွင် လည်းကောင်း၊ နောင်တွင် ပေါ်ပေါက်လာမည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေပေါ်တွင် လည်းကောင်း၊ ပြောင်းလဲလာမည့် မီဒီယာ ပတ်ဝန်းကျင်အခြေအနေများကြောင့် လည်းကောင်း အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် ပါဝင်သည့် အချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်လာပါကြောင်း၊ သို့ဖြစ်၍ ပိုမိုပြည့်စုံသည့် ဥပဒေကြမ်းကို ပြန်လည်ရေးဆွဲနိုင်ရန်အတွက် ယခု ဥပဒေကြမ်းကို ရုပ်သိမ်းခွင့်ပြုစေလိုပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ လွှတ်တော်က သဘောတူခဲ့သည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

လုပ်ကိုင် ဆောင်ရွက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ မြှင့်တင်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီအတွင်းရေးမှူး ဦးမျိုးခင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၅၁ ဦး၊ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ပါတီကော်မတီဝင် ဦးဇော်မင်းရင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၈၇ ဦး၊ ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၄၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာနှင့် မူဝါဒရေးရာလေ့လာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်ဦး ခေါင်းဆောင်သည့် ဝန်ထမ်း ၁၃ ဦး၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာ အေးအေးငွန် ခေါင်းဆောင်သည့် ချင်းပြည်နယ်မှ လေ့လာရေးအဖွဲ့ဝင်သုံးဦး၊ International IDEA Myanmar Field Office မှ လေ့လာသူ ခြောက်ဦးနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၏ မိတ်ဆွေ သင်္ချာပါမောက္ခ ဒေါ်ခင်ဌေးမြင့် စုစုပေါင်း ၂၀၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရင်းနှီးငွေပေးအပ်

**သံတွဲ မတ် ၁၈**

မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ၊ ခမောင်းတုန်းကျေးရွာ၊ ဆင်ခေါင်းကျေးရွာများသို့ မတ် ၁၆ ရက်က တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် သိန်း ၉၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးတို့က လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူကြပြီး မြစိမ်းရောင်ရန်ပုံငွေအဖွဲ့များကိုယ်စား ဂျိတ္တောမြစိမ်းရောင်ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါရန်ပုံငွေမှာ ကျေးလက်နေပြည်သူများ၏ မိသားစုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုဖြစ်စေရန်အတွက် အရင်းမပျောက် မတည်ငွေအဖြစ်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# အောက်ပိုင်းဒေသများ နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# ကြွေးမြီတွေနဲ့ ပတ်သက်ပြီးတော့ လူတစ်ဦးချင်း ဘယ်လောက်အကြွေးတွေတင်နေပြီလို့ သတ်မှတ်တဲ့ Indicator လို အညွှန်းကိန်းကို နိုင်ငံတကာမှာ တရားဝင်သုံးစွဲထားတာမရှိပါဘူး

ဦးဝင်းရှိန်

**နိုင်ငံတော်တွင် တည်ရှိနေသည့်ချေးငွေများနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ပြည်ပကြွေးမြီချေးငွေ၊ ပြည်တွင်းကြွေးမြီချေးငွေများနှင့် ဆက်စပ်၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်းပြောကြားချက်များကို ဖော်ပြအပ်ပါသည်။**

မင်္ဂလာပါ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ပနိုင်ငံများက ချေးငွေအထောက်အပံ့ ရယူမှုကိစ္စတွေကို အသေးစိတ်ရှင်းလင်းတင်ပြသွားပြီး ဖြစ်ပါတယ်။

နိုင်ငံတော်မှာ တည်ရှိနေတဲ့ ချေးငွေနဲ့ ဆက်စပ်ဖြစ်ပေါ်လာတဲ့ ပြည်ပကြွေးမြီချေးငွေ၊ ပြည်တွင်းကြွေးမြီချေးငွေတွေကို ဆက်စပ်ပြီးတော့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းပြည်ပ ကြွေးမြီတွေရဲ့ နောက်ဆုံးအခြေအနေတွေကို သိရှိအောင် မှတ်တမ်းတင် ထားရှိပြီးတော့ ကြွေးမြီတွေ ပြန်လည်ပေးဆပ်ရမယ့်ကာလ၊ ကြွေးမြီတွေရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို အဆင့်ဆင့်စိစစ် ရပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ချေးငွေတွေကို၊ နောက်တစ်ခါ ချေးငွေနဲ့အတူ ဆက်စပ်ဖြစ်ပေါ်လာတဲ့ ကြွေးမြီကိစ္စတွေဟာ ပြည်ထောင်စုလွှတ်တော်မှာလည်း တချို့သော လွှတ်တော်ကိုယ်စားလှယ်တွေက ရှင်းလင်းဆွေးနွေးကြတဲ့ အခါကျတော့ နိုင်ငံတော်ရဲ့ လက်ရှိပြည်တွင်းပြည်ပ ကြွေးမြီအခြေအနေတွေကို အသေးစိတ်သိရှိနိုင်ရန်အတွက် ကြွေးမြီတွေကို ဘယ်လိုဆက်လက်ပြီးတော့ ထိန်းသိမ်းသွားမယ်၊ ကြွေးမြီတွေကိုဘယ်လိုပြန်ဆပ်သွားမယ်၊ ထို့အတူ ကြွေးမြီရယူခြင်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့ လုပ်ငန်းတွေကို ချေးငွေရယူရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ချေးငွေနဲ့ ပတ်သက်ပြီးတော့ ရယူတဲ့အခါမှာ ဘယ်လိုလုပ်ငန်းစဉ်တွေ လုပ်ရမယ်ဆိုတာကို ကျွန်တော် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဒါလေးတွေကို အသေးစိတ် ပြည်သူလူထုကြားထဲမှာ ပျံ့ပျံ့နှံ့နှံ့သိရှိမှသာလျှင် နိုင်ငံတော်က ရယူထားတဲ့ ချေးငွေအခြေအနေ၊ ချေးငွေနဲ့အတူ ဖြစ်ပေါ်လာတဲ့ ကြွေးမြီအနေအထား ဒါတွေကို ပြည်သူလူထု နားလည်သဘောပေါက်လက်ခံလာအောင်လို့ အခြေအနေမှန်တွေကို တကယ့်လက်ရှိအနေအထားကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

အဓိကကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အတွက် ချေးငွေတွေရယူတယ်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ နိုင်ငံတော်အတွက် လိုအပ်တဲ့ နိုင်ငံတော်ကနေ ထောက်ပံ့ပေးရမယ့် နိုင်ငံနဲ့ ပြည်သူလူထုအတွက် အကူအညီအထောက်အပံ့တွေကို မိမိဘတ်ဂျက်လို့ခေါ်တဲ့ မိမိကိုယ်ပိုင် နိုင်ငံပိုင်ဘတ်ဂျက်ကနေ သုံးစွဲဖို့ လိုတဲ့အခါမှာ အကန့်အသတ်နဲ့ လိုအပ်ချက်ရှိလို့ ပြည်ပချေးငွေအထောက်အပံ့တွေ ရယူရခြင်း ဖြစ်ပါတယ်။ ယူထားတဲ့ချေးငွေဟာ ခေတ်အဆက်ဆက်က အစိုးရ အဆက်ဆက်ကယူခဲ့တဲ့ ချေးငွေတွေ ဖြစ်ပါတယ်။ အဲ့ဒီချေးငွေနဲ့ ဆက်စပ်ပြီးတော့ သတ်မှတ်တဲ့ကာလပြည့်လာတဲ့အခါကျတော့ ပြန်ဆပ်ဖို့ အနေအထားရောက်ရှိလာပါတယ်။ ချေးငွေတွေအားလုံးကို ပြန်လည်သုံးသပ်မယ်ဆိုရင် ကျွန်တော်တို့ အစိုးရ ကာလစတင်တဲ့ ၂၀၁၁ ခုနှစ်မတိုင်မီ ကာလကနေ စတင်ပြီးတော့ ပြန်လည်ရှင်းလင်းတင်ပြရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်ကနေပြီးတော့ နိုင်ငံခြားချေးငွေတွေ ရယူပြီးတော့၊ ပြည်ပချေးငွေတွေ ရယူပြီးတော့ ချေးငွေကလည်း အမျိုးမျိုးပေါ့။ ကူးသန်းရောင်းဝယ်ရေး ချေးငွေတွေလည်းပါတယ်။ ချေးငွေအမျိုးမျိုးကို ရယူခဲ့ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို သူ့ခေတ် သူ့ကာလ သူ့အခြေအနေအရ ရယူခဲ့ပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ အကြောင်းအမျိုးမျိုးနဲ့ ပြန်မဆပ်နိုင်တဲ့ ကာလရှိတဲ့အခါမှာ ကြွေးမြီသည်ဘဝကို ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

ကြွေးမြီအခွန်ပြောင်းသွားတာ ဖြစ်ပါတယ်။ အစိုးရ တာဝန်ယူတဲ့ ၂၀၁၁ ခုနှစ် ကစပြီးတော့ နိုင်ငံတကာ ကို ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြုပြင်ပြောင်းလဲပြီး သွားတော့မယ့် အနေအထား၊ နိုင်ငံတကာနဲ့ ဆက်ဆံမှုတွေကို ပြန်လည်ပြုလုပ်ရတော့မယ့်အနေအထား။ ထို့အတူ ကျွန်တော်တို့မှာ တာဝန်ရှိနေတဲ့ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ ပြန်ဆပ်ရမယ့် ကြွေးမြီတွေကို ကျွန်တော်တို့ ပြန်ဆပ်ခြင်းအားဖြင့် တာဝန်သိတဲ့နိုင်ငံတစ်ခုပြန်ဖြစ်အောင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ချေးငွေနဲ့ ဖြစ်ပေါ်လာတဲ့ ကြွေးမြီတွေအားလုံးဟာ ကျွန်တော်တို့ပြန်ဆပ်ဖို့ကိစ္စကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ စတင်ကြိုးပမ်းဆောင် ရွက်ခဲ့ပါတယ်။ ညှိနှိုင်းခဲ့ပါတယ်။ အစိုးရသစ်



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မီဒီယာများအား ဖြေကြားစဉ်။**

တက်တဲ့ ကာလမှာရှိနေတဲ့ ပြည်ပကြွေးမြီလက်ကျန် စုစုပေါင်းဟာ ၁၅ ဒသမ ၄၄၁ ဘီလီယံ ရှိနေပါတယ်။ အဲ့ဒီကြွေးမြီတွေကို ပြန်လည်စုစည်းပြီးတော့ ဘယ်လိုပြန်ဆပ်ကြမလဲ။ ပြန်ဆပ်ဖို့အတွက် နည်းလမ်းတွေကို ပြည်ပနိုင်ငံများ အကူအညီနဲ့ပဲ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီကြွေးမြီထဲမှာ ပြန်လည်ပြီးတော့ ခွဲခြမ်းစိတ်ဖြာတဲ့အခါမှာ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် အဲ့ဒီ အဖွဲ့အစည်းတွေက နေယူထားတဲ့ ကြွေးမြီတွေရှိသလို ကျွန်တော်တို့ သတင်းစာ၊ ဂျာနယ်မှာလည်း ရှင်းလင်းတင်ပြခဲ့တာရှိပါတယ်။ Paris Club အဖွဲ့ဝင်လို့ခေါ်တဲ့ ကျွန်တော်တို့ရဲ့ မြီရှင်ကြွေးယူထားတဲ့ ၁၁ နိုင်ငံရဲ့ ကြွေးမြီတွေလည်း ပါပါတယ်။ ဒါတွေကို ရှင်းလင်းဖို့ စတင်ဆောင်ရွက်ရတာ။ ဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ နိုင်ငံအသီးသီးနဲ့ အဖွဲ့ဝင်နိုင်ငံအသီးသီး ပါဝင်ဖွဲ့စည်းထားတဲ့ သူ့ရဲ့ ရှယ်ယာတွေထည့်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် သူ့မှာရှိတဲ့ ကြွေးမြီတွေကို အကျေအလည် ပြန်ဆပ်ရမှာဖြစ်ပါတယ်။ သူတို့က လျှော်ပစ်လို့မရဘူး။ သို့သော်လည်း Paris Club အဖွဲ့ဝင်(၁၁)နိုင်ငံကတော့ အဖွဲ့အစည်းကြီးက သဘောတူရင် ရာခိုင်နှုန်းတစ်ခု၊ ပမာဏတစ်ခုအထိတော့ လျှော့ပေးပါတယ်။ ဒါပေမယ့် ကျန်တဲ့အစိတ်အပိုင်းကိုတော့ သက်ဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးရမယ့်ကိစ္စဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်တို့နဲ့ ကမ္ဘာ့ဘဏ်နဲ့ ADB ခေါ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်မှာရှိနေတဲ့ ကြွေးမြီတွေကို ပြန်လည်ပေးဆပ်ပြီးတော့ ဆောင်ရွက်ဖို့နဲ့ နောက်စတင်ဆောင်ရွက်ပါမယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီကြွေးမြီတွေကို တစ်ကြိမ်တစ်ခါတည်း ပြန်ဆပ်ဖို့ဆိုတာ နိုင်ငံတော်အနေနဲ့ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အကူအညီအထောက်အပံ့နဲ့ ဘဏ်တစ်ခုဖြစ်တဲ့ JBIC ဘဏ်ကနေပြီးတော့ ကျွန်တော်တို့ ပေါင်းကူးချေးငွေဆိုပြီးတော့ ချေးငွေတွေကို ရယူလိုက်တာ။ ဆိုလိုတဲ့သဘောကတော့ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်မှာရှိတဲ့ ကြွေးမြီတွေကို ဒီနေ့ဆပ်တယ်။ ဆပ်ပြီးပြီးချင်းပဲ ဒီဟာကို ဆပ်ပြီးသွားပြီဖြစ်တဲ့အတွက် ကြွေးဟောင်းက ကျေသွားပြီဖြစ်ပါတယ်။ ကြွေးသစ်ကို ပြန်ကူးပြောင်းလိုက်တဲ့ အနေအထားဖြစ်ပါတယ်။ တစ်နေ့တာအတိုးတော့ ကျွန်တော်တို့ပေးမှာဖြစ်တယ်။ ဒီလို လုပ်ငန်းကို JBIC အကူအညီနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့ အကြောင်းအမျိုးမျိုးနဲ့ ကမ္ဘာ့ဘဏ်တို့၊ ADB တို့နဲ့ အဆက်အသွယ်ပြတ်တောက်နေတာတွေ၊ အကူအညီအထောက်အပံ့တွေ မရခဲ့တာ ကာလအတော်ကြာခဲ့ပါပြီ။ ပြန်ဆက် သွယ်တဲ့ အဖွဲ့ဝင်နိုင်ငံတွေကလည်း ကျွန်တော်တို့ကို ကြွေးမြီတွေ ပြန်လည်ဆပ်ပြီးပြီဆိုတဲ့ ကျွန်တော်တို့ရဲ့ တာဝန်ကျေမှုတွေကို သိရှိသွားပါပြီ။ ထို့အတူ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအနေအထားတွေလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်လာတဲ့ အနေအထားရောက်ရှိလာတာဖြစ်တဲ့အတွက် အကူအညီ အထောက်အပံ့တွေ ပြန်လည်ရရှိလာတာဖြစ်ပါတယ်။ တစ်ဖက်ကလည်း Paris Club အဖွဲ့ဝင်နိုင်ငံတွေကို ကြွေးမြီဆပ်ဖို့ကိစ္စကြိုးပမ်းဆောင်ရွက်တဲ့ နေရာမှာ အဓိကဦးဆောင်ပြီးတော့ ကြွေးမြီအများဆုံးရှိတာ ဂျပန်နိုင်ငံ ကြွေးမြီဖြစ်ပါတယ်။

ဂျပန်နိုင်ငံ ကြွေးမြီတွေကိုလည်း ဆပ်ဖို့ဟာ ဂျပန်သည်လည်း Paris Club အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အဲ့ဒီ Paris Club အဖွဲ့က သဘောတူညီမှုရယူရဦးမှာဖြစ်ပါတယ်။ အဲ့ဒီ ၁၁ နိုင်ငံလုံးပါဝင်တဲ့ အကြွေးတွေနဲ့ ပတ်သက်ပြီးတော့ အခြားသော အဖွဲ့ဝင်နိုင်ငံတွေကလည်း ဒီလိုကြွေးမြီဆပ်ဖို့ ကြွေးမြီပေးလျှော်မှု ဒါတွေ ဆောင်ရွက်ပေးဖို့ Paris Club ပုံမှန်အစည်းအဝေးကြီးမှာ ကျွန်တော်တို့ကို ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကျွန်တော်တို့ ဦးဆောင်ပြီး သွားရောက်ခဲ့ပါတယ်။ အဲ့ဒီအခါမှာ Paris Club အဖွဲ့ဝင်နိုင်ငံတွေအပေါ်မှာ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှု အနေအထားတွေ၊ နိုင်ငံရဲ့ ဘယ်လိုပြုပြင်ပြောင်းလဲနေပါတယ်၊ ဒီကြွေးမြီတွေ ရှိလာတာနဲ့ပတ်သက်ပြီးတော့ အဲ့ဒီကြွေးမြီတွေကို ကျွန်တော်တို့ဆပ်ဖို့ ကြိုးစားနေတယ်၊ နိုင်ငံရဲ့ လက်ရှိအနေအထားအရ ကြွေးမြီကို အကုန်လုံးပေးဆပ်ဖို့ဆိုတာ နိုင်ငံတကာပြုပြင်ပြောင်းလဲရေးလုပ်ကိုင်နေရာမှာ အကန့်အသတ်တွေ၊ အခက်အခဲတွေ ရှိနိုင်တာအတွက် ကျွန်တော်တို့ကို သင့်တင့်မျှတသော အစိတ်အပိုင်းတစ်ခုကိုတော့ ကြွေးမြီလျှော်ပေးတဲ့ဟာကို လုပ်ပေးပါ။ ကျန်တာတွေက ကျွန်တော်တို့ ကျန်တဲ့ကြွေးမြီအဟောင်းတွေကို ဆပ်ဖို့ကိစ္စတွေကို ကျွန်တော်တို့ ကြွေးမြီသက်တမ်းတွေကို ပြန်ဆပ်ပြီးတော့ ပြန်ဆပ်မယ့်ကိစ္စတွေ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အပြန်အလှန် ဆွေးနွေးရပါတယ်။

ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ယုံကြည်လာရင် ကျွန်တော်တို့ ကိုယ်တိုင်လည်း ပြန်ဆပ်မယ်ဆိုတာကို ကတိကဝတ်ပြုထားတဲ့ အနေအထားဖြစ်ပါတယ်။ အဲ့ဒီ Paris Club အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာ ကျွန်တော်တို့ကို လက်ရှိရှိနေတဲ့ နောက်ကျကြေးအပါအဝင် ကြွေးမြီတွေကို အဲ့ဒီထဲက ၅၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးမှာ။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကိုတော့ သက်ဆိုင်ရာ နိုင်ငံအလိုက် နှစ်နိုင်ငံချင်း ပြန်လည်ဆွေးနွေးကြမှာ။ သူတို့လျှော်ပေးနိုင်လား။ အလုံးစုံ လျှော်ပေးနိုင်လည်းလျှော်ပေး။ ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်း လျှော်ပေးနိုင်လည်း လျှော်ပေး စသည်ဖြင့် နှစ်နိုင်ငံချင်း ပြန်လည်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကန့်သတ်ချက်တစ်ခုက ဘာလုပ်ရသလဲဆိုရင် ဒီ ၅၀ ရာခိုင်နှုန်း လျှော်ပေးတဲ့အထဲမှာ လေးပုံတစ်ပုံကိုပဲ ချက်ချင်းလျှော်ပေးပါ။ ကျွန်တော်တို့ ဆွေးနွေးကြတာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ဖြစ်ပါတယ်။ တစ်နှစ်တာကာလ Monitoring Program ဆိုတဲ့ စောင့်ကြည့်ကြပ်မတ်တဲ့ အစီအစဉ်တစ်ခု ရေးဆွဲပေးပါ။ မြန်မာနိုင်ငံကို စောင့်ကြည့်တယ်။ မြန်မာနိုင်ငံ ရဲ့ Macro economic Stability လို့ခေါ်တဲ့ မက်ခရို စီးပွားရေး တည်ငြိမ်မှုကိုသာ ခုနကကျွန်တော်တို့ ငွေရေးကြေးရေး အနေအထားအပေါ် အဓိကကတော့ ပြန်ဆပ်နိုင်သလားလို့ ပြန်စိစစ်တဲ့သဘောပေါ့။ တစ်နှစ်သာ စောင့်ကြည့်တယ်။ ကျန်တဲ့လေးပုံသုံးပုံကို တစ်နှစ်ပြည့်တော့မှ သူတို့ကျေနပ်မှ သတ်မှတ်တဲ့ အဖြေပေးမယ်ဆိုပြီးတော့ သဘောတူညီချက်ရယူခဲ့ပါတယ်။ သူတို့ သဘောကတော့ ၅၀ ရာခိုင်နှုန်းရဲ့ လေးပုံတစ်ပုံ ချက်ချင်းချေပေးခဲ့တယ်။

တစ်နှစ်တာကာလအတွင်းမှာ သူတို့သတ်မှတ်တဲ့အတိုင်း အတာ၊ သူတို့သတ်မှတ်တဲ့ စံနှုန်းတွေကိုလိုက်နာပြီး ဖြည့်ဆည်းပေးခဲ့ရပါတယ်။ တစ်နှစ်တာစောင့်ကြည့်တဲ့အခါမှာ ပြည့်တဲ့အခါမှာတော့ သူတို့သတ်မှတ်တဲ့ နှုန်းထားအတိုင်း၊ စံနှုန်းအတိုင်း ကျွန်တော်တို့နိုင်ငံက ဆောင်ရွက်နိုင်တာဖြစ်လို့ ၅၀ ရာခိုင်နှုန်း ချေပေးခဲ့ပါတယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက သက်ဆိုင်ရာ နှစ်နိုင်ငံချင်းလည်း ညှိနှိုင်းဆွေးနွေးရပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့ ကြွေးမြီထဲက ၆၀ ရာခိုင်နှုန်းလောက်ကို ကြွေးလျှော်ပေးခဲ့ပါတယ်။ ထို့အတူပဲရာနှုန်းပြည့်လျှော်ပေးတဲ့ နိုင်ငံလည်းရှိခဲ့ပါတယ်။ ဒါတွေကတော့ ဒိန်းမတ်၊ နော်ဝေ၊ ကနေဒါ ဒါတွေဟာ ကျွန်တော်တို့ လက်ရှိရှိတဲ့ ကြွေးမြီအားလုံးကို လျှော်ပေးခဲ့ပါတယ်။ အီတလီနိုင်ငံဟာ သူ့ရဲ့ ၆ သန်းလောက်ရှိတဲ့အကြွေးကို တစ်ဝက်ကိုတော့ ၅၀ ရာခိုင်နှုန်း ချေပေးတယ်။ ကျန်တဲ့တစ်ဝက်ကိုတော့ ပြန်မတောင်းဘူး။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ ပြန်သုံးဖို့အတွက် ခွင့်ပြုပေးခဲ့ပါတယ်။ ဆိုတဲ့သဘောကတော့ နှစ်နိုင်ငံချင်း ဆက်လက်ညှိနှိုင်းဆွေးနွေးပြီးတော့ ကျန်တဲ့ကြွေးမြီ ၅၀ ရာခိုင်နှုန်းကိုလည်း သတ်မှတ်ကာလအတွင်းမှာဆပ်ဖို့၊ နောက်တစ်ခါ ကျန်တဲ့ အကြွေးတွေကိုလည်း ပြန်လည်ပေးဆပ်ဖို့ အစီအမံတွေ ပြန်ပြီးညှိနှိုင်းရေးဆွဲခဲ့ပါတယ်။ စုစုပေါင်း အကြမ်းဖျင်း ၆ ဘီလီယံလောက် ကျွန်တော်တို့ ကြွေးမြီလျှော်တဲ့ဟာတွေ ရှိပါတယ်။ တိတိကျကျပြောမယ်ဆိုရင် ကြွေးလျှော် ပေးတာ ၅ ဒသမ ၉၅၆ ဘီလီယံလောက် ခုနပြောတဲ့ Paris Club အဖွဲ့ဝင် ၁၁ နိုင်ငံက လျှော်ပေးခဲ့ပါတယ်။ ၅ ဒသမ ၉၅၆ ဘီလီယံနီးပါးလောက် လျှော်ပေးတာဟာ တော်တော်များတဲ့ ပမာဏဖြစ်ပါတယ်။

ကြွေးမြီလျှော်တဲ့ဟာက ကျွန်တော်တို့နိုင်ငံအတွက် တကယ့်ကို အောင်မြင်မှုရတဲ့ရလဒ်တစ်ခုလို့ ပြောနိုင်ပါတယ်။ ထို့အတူပဲ ဒီလိုရလဒ်ရအောင် စွမ်းဆောင်နိုင်တာ ကြွေးမြီဝန်ထုပ်ဝန်ပိုးဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတဲ့ အတွေးအမြင်ကိုလည်း ရရှိခဲ့ပါတယ်။ ကြွေးမြီကို စနစ်တကျ ကြပ်မတ်သုံးစွဲမှု၊ အကြွေးတင်ခံနိုင်မှုကို စနစ်တကျ ထိန်းကျောင်းမှုမရှိသဖြင့် အခုလို ပြန်လည်ပေးဆပ်မှုအပိုင်းမှာ တာဝန်ရှိပြီးတော့ ကြွေးမြီလျှော်ပေးတဲ့အခါမှာ ကြွေးမြီပေးဆပ်တဲ့အပိုင်းကို ဘယ်လောက်ထိ လုပ်ရလဲဆိုတာ၊ ကြွေးမြီရဲ့ဝန်ထုပ်ဝန်ပိုး၊ တာဝန်ရှိမှုကို အလေးအနက်ထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အကောင်းအဆိုး ဒွန်တွဲပြီးတော့ တစ်ဖက်ကလည်း ကြွေးလျှော်တာရသလို တစ်ဖက်ကလည်း အသိဉာဏ်တွေတိုးမြှင့်ပြီးတော့ ဒီကြွေးမြီကို စောင့်ကြည့်ရမှာဖြစ်ပြီးတော့ ရှင်းပြရမှာကလည်း အရေးတကြီး ဆောင်ရွက်ရမယ့်အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ငွေတိုက်ဦးစီးဌာနဖွဲ့ပါမယ်။ ဖွဲ့ပြီးတော့ ကြွေးမြီစီမံခန့်ခွဲမှု၊ ကြွေးမြီဆန်းစစ်မှုစတဲ့ ဒါတွေကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အဖွဲ့အကူအညီကို ရယူပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

> **ကြွေးမြီလျှော်တဲ့ဟာက ကျွန်တော်တို့နိုင်ငံအတွက် တကယ့်ကို အောင်မြင်မှုရတဲ့ရလဒ်တစ်ခုလို့ ပြောနိုင်ပါတယ်။ ထို့အတူပဲ ဒီလိုရလဒ်ရအောင် စွမ်းဆောင်နိုင်တာ ကြွေးမြီဝန်ထုပ်ဝန်ပိုးဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတဲ့ အတွေးအမြင်ကိုလည်း ရရှိခဲ့**

## တက္ကသိုလ်ဝင်စာမေးပွဲ မုဒုံစာစစ်ဌာနလေးခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆို

**မုဒုံ မတ် ၁၈**

ယနေ့သည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရသည့် (၆) ရက်မြောက်နေ့ဖြစ်သည်။ မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဖွင့်လှစ်သည့် အထက(၁)၊ အထက(၂)၊ အထက(၃) နှင့် ကမာဝက်အထက စာစစ်ဌာနလေးခု၌ ဇီဝဗေဒဖြေဆိုရန် စာရင်းပေးသွင်းသူ ၅၅၄ ဦးအနက် ခုနစ်ဦး (ရာခိုင်နှုန်း ၁ ဒသမ ၂၆ ) ပျက်ကွက်ကာ ကျောင်းသား ၁၉၉ ဦးနှင့် ကျောင်းသူ ၃၄၈ ဦး စုစုပေါင်း ဖြေဆိုသူ ၅၄၇ ဦး (ရာခိုင်နှုန်း ၉၈ ဒသမ ၇၄ ) အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။

အလားတူ ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် စာရင်းပေးသွင်းသူ ၁၃၅၁ ဦးအနက် ၄၂ ဦး (ရာခိုင်နှုန်း ၃ ဒသမ ၁၀)ပျက်ကွက်ပြီး ကျောင်းသား ၄၉၄ ဦးနှင့် ကျောင်းသူ ၈၁၅ ဦး စုစုပေါင်း ၁၃၀၉ ဦး (ရာခိုင်နှုန်း ၉၆ ဒသမ ၈၉ ) ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယမန်နှစ်က မုဒုံစာစစ်ဌာန သုံးခု၌ ဇီဝဗေဒဘာသာရပ်ဖြေဆိုသူ ၅၀၅ ဦးအနက် ဇီဝဗေဒဂုဏ်ထူးဖြင့် ၁၁၅ ဦးနှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုသူ ၁၀၂၂ ဦးတွင် ဘောဂဗေဒဂုဏ်ထူးဖြင့် ၁၁၀ အောင်မြင်ကြကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ဒုတိယနေ့ဆွေးနွေးပွဲတွင် တပ်ပိုင်းဆိုင်ရာကိစ္စများ အဓိကထားဆွေးနွေးနိုင်

ရန်ကုန် မတ် ၁၈

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် တွေ့ဆုံဆွေးနွေးနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှု ဒုတိယနေ့အစည်းအဝေးကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၌ ဆက်လက်ကျင်းပခဲ့သည်။**



ယနေ့ပြုလုပ်သည့် ဒုတိယနေ့ဆွေးနွေးပွဲတွင် UPWCနှင့် NCCT တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်တွင် ပါဝင်သည့် နှစ်ဖက်တပ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Military CoC)နှင့် ယင်းစည်းမျဉ်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်မည့် စောင့်ကြည့်ရေးကော်မတီ (Joint Monitering Committee) ဖွဲ့စည်းရေးအစရှိသည့် တပ်ပိုင်းဆိုင်ရာ ထားရှိရေးကိစ္စရပ်များတွင် ပါဝင်သည့်အချက်များကို အဓိကထား ဆွေးနွေးခဲ့သည်။

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲသည် မူအားဖြင့် သဘောတူညီထားသည့်အချက်များအား ဆက်လက်ဆွေးနွေးခြင်းဖြစ်ပြီး ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသည့် အချက်များဖြစ်သည့် တပ်ပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်မည့် စောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းရေးကို အသေးစိတ်ထည့်သွင်း ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း UPWC ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ကပြောသည်။

ယနေ့ကျင်းပသော ဒုတိယနေ့ အစည်းအဝေးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (ဒုတိယမူကြမ်း)တွင် ပါဝင်သည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးခဲ့ပြီး ယခင် ဆွေးနွေးပွဲများတွင် ဆွေးနွေးရန် ကျန်ရှိနေသော အချက်များကို သဘောတူညီနိုင်ခဲ့ကြောင်း၊ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်တပ်ပိုင်းဆိုင်ရာ ကိစ္စများကို မတ် ၁၉ ရက်တွင် ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် အရင် ဆွေးနွေးပွဲမှ သင်ခန်းစာများကို နှစ်ဖက်စလုံးမှ နမူနာယူ၍ဆက်လက် ဆွေးနွေးနေကြောင်း ဆွေးနွေးပွဲအပြီးတွင် MPC ၏ နည်းပညာဆိုင်ရာ အထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေ၊ NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းနှင့် NCCT အဖွဲ့ဝင်ဗိုလ်မှူးကြီးခွန်ဥက္ကာတို့က မီဒီယာများအား တွေ့ဆုံပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (ဒုတိယမူကြမ်း) ဆွေးနွေးပြီး ရပ်နားထားခဲ့သည့် နှစ်ဖက်တပ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Military CoC) နှင့် ယင်း စည်းမျဉ်းစည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitering Committee) ဖွဲ့စည်းရေး ကိစ္စရပ်များကို နှစ်ဖက်သဘောတူညီချက်ဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ယနေ့ ဆွေးနွေးပွဲ၌ သဘောတူညီမှုရခဲ့သည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (ပဥ္စမမူကြမ်း)၏ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် အခန်းများတွင် ပြန်လည်ထည့်သွင်းသွားမည် ဖြစ်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ပထမနေ့ဆွေးနွေးပွဲ၌ ပဋိပက္ခ လျှော့ချရေး၊ လက်ရှိဖြစ်ပေါ်နေသည့် တိုက်ပွဲများကို လျှော့ချပြီး ယင်းမှတစ်ဆင့် လုံးဝရပ်တန့်သွားရန်အတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်းနှင့် နားလည်မှုအချို့ ရရှိခဲ့ကာ အသေးစိတ်ဆွေးနွေးရန် ကျန်ရှိသေးကြောင်း NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာထံမှ သိရသည်။

ယနေ့ကျင်းပသော ဒုတိယနေ့ အစည်းအဝေးသို့ UPWCဘက်မှ ဝန်ကြီးခြောက်ဦး၊ လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ တပ်မတော်ကိုယ်စားပြုသူ လေးဦးတို့တက်ရောက်ခဲ့ပြီး NCCTအဖွဲ့မှ ကိုယ်စားလှယ်များ အပါအဝင် ရုံးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ အများဆုံး တက်ရောက်ခဲ့သည့် ဆွေးနွေးပွဲ ဖြစ်ကြောင်းသိရသည်။ (၇)ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တတိယနေ့အစည်းအဝေးကို မတ်လ ၁၉ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

# (၇)ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဆွေးနွေးပွဲ မျှော်လင့်ချက်ကောင်းမွန်ဟု နှစ်ဖက်ခေါင်းဆောင်များဆို

ရန်ကုန် မတ် ၁၈

**ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) အတွက် (၇)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှုသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် တစ်နိုင်ငံလုံး ပဋိပက္ခရပ်စဲရေးအတွက် မျှော်လင့်ချက်ကောင်းမွန်သည်ဟု နှစ်ဖက်ခေါင်းဆောင်များက မတ် ၁၈ ရက်တွင် ပြောကြားလိုက်သည်။**



ရန်ကုန်မြို့ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၌ ကျင်းပနေသည့် ဒုတိယနေ့ဆွေးနွေးပွဲအပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်ဖက် ကိုယ်စားလှယ်များက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)အဖွဲ့ဝင်ဖြစ်သူ ဗိုလ်မှူးကြီး ခွန်ဥက္ကာက "အခု(၇)ကြိမ်မြောက်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ တစ်နိုင်ငံလုံး ပဋိပက္ခရပ်စဲရေးကို မျှော်လင့်ချက်ကောင်းတယ်လို့ ပြောနိုင်တာက မြောက်ပိုင်းပဋိပက္ခရပ်စဲရေးနဲ့ ပတ်သက်ပြီးတော့ မြောက်ပိုင်းအဖွဲ့တွေနဲ့ ပြည်ထောင်စုအကြီးအကဲတွေ တွေ့ဆုံခဲ့ကြတာကြောင့် ဒီမျှော်လင့်ချက် ထွက်လာတာ ဖြစ်ပါတယ်။ စက်တင်ဘာလို မဖြစ်အောင် ဟန့်တားတဲ့ အစီအမံလည်း ဖြစ်တယ်လို့ ကျွန်တော် ဖြည့်စွက်ပြီးပြောချင်ပါတယ်" ဟု ပြောသည်။

၂၀၁၄ စက်တင်ဘာလ ၂၂ ရက်နေ့က ကျင်းပသောဆဋ္ဌမအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) တရားဝင်ဆွေးနွေးပွဲသည်အမြင်သဘောထားများကွဲလွဲခဲ့ပြီး NCA စာချုပ်ချုပ်ဆိုမည့် တရားဝင်ဆွေးနွေးပွဲများသည် ငါးလကျော် ခြောက်လနီးပါး ပြတ်တောက်ခဲ့ရသည်။

ယခုကျင်းပသည့် (၇) ကြိမ်မြောက် ဆွေးနွေးပွဲသည် NCCT နှင့် UPWC တို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် အတတ်နိုင်ဆုံး၊ ဖြစ်နိုင်ခြေအရှိဆုံးနှင့် လက်တွေ့ကျပြီး အကောင်အထည်ဖော်ရန်ဖြစ်နိုင်သော သဘောတူညီမှုရရှိသည်အထိ ဆောင်ရွက်နိုင်ရန် နှစ်ဖက်စလုံးမှ ကြိုတင်ပြင်ဆင်ထားကြကြောင်း NCCT ၏ ဒုတိယခေါင်းဆောင်ဖြစ်သူ ပဒိုစောကွယ်ထူးဝင်းက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယခုဆွေးနွေးပွဲအပေါ် UPWC ၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက "ဒီနှစ်ရက်တွေ့ဆုံဆွေးနွေးမှုမှာတော့ အရင်လို တစ်ဆို့မယ့် ပုံသဏ္ဌာန်တွေ နှစ်ဖက်ကြားထဲမှာ မရှိတော့ပါဘူး။ NCA အတွက် အချို့ကိစ္စတွေမှာ သဘောထားရေးရာအရ ညှိနှိုင်းစရာပဲ ကျန်ပါတယ်။ ကျွန်တော့်အမြင်ကတော့ နှစ်ရက်တာ ချောချောမွေ့မွေ့ဖြတ်နိုင်တာ ဖြစ်တဲ့အတွက် နောက်ရက်တွေမှာ နှစ်ဖက်ခေါင်းဆောင်တွေက မျှော်လင့်တဲ့ ရည်မှန်းချက်ရောက်နိုင်မယ်လို့ မြင်ပါတယ်" ဟု ဆိုသည်။

(၇) ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် ပထမဆုံးအကြိမ် တွေ့ဆုံနိုင်ခဲ့သည်။

ယင်းသို့ တွေ့ဆုံမှုများကြောင့် KIO နှင့် အစိုးရတို့အကြား ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါက NCCT နှင့် UPWC တို့ ဆွေးနွေးနေသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှုရရှိရန် အတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် NCCT ဘက်မှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ရည်မှန်းချက်ထားပြီး ပြည်သူအများလိုလားသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် သန္နိဋ္ဌာန်ချ၍လာခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်သည်ဟု NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက မတ် ၁၇ ရက် ဆွေးနွေးပွဲ ပထမနေ့တွင် ပြောကြားခဲ့ပြီး ဖြစ်သည်။

**ရဲခေါင်ညွန့် - မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

**နောက်ဆုံးရ နိုင်ငံတကာသတင်း**



# ဝက်ဘ်ဆိုက်အတုမှသတင်း စင်ကာပူဝန်ကြီးချုပ်ရုံး ငြင်းဆို

**စင်ကာပူ မတ် ၁၈**

စင်ကာပူဝန်ကြီးချုပ်ရုံး၏ အမှတ်တံဆိပ်တပ်ထားသော ဝက်ဘ်ဆိုက်အတုတစ်ခုမှနေ၍ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ သေဆုံးသွားပြီဖြစ်ကြောင်း ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ စင်ကာပူဝန်ကြီးချုပ်ရုံးမှ ငြင်းဆိုလိုက်သည်။

အဆိုပါဝက်ဘ်ဆိုက်၏ စကရင်ရှော့ပုံရိပ်များမှာ ယနေ့ညပိုင်းမှစ၍ ပျံ့နှံ့လျက်ရှိရာ မစ္စတာ လီကွမ်ယူ၏ စိုးရိမ်ဖွယ်ရာအခြေအနေနှင့်ပတ်သက်၍ ယနေ့မွန်းလွဲပိုင်းတွင် ထုတ်ပြန်မှုတစ်ခုပြုလုပ်ခဲ့ပြီးနောက် ထပ်မံ၍ သတင်းအချက်အလက်အသစ်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ စင်ကာပူဝန်ကြီးချုပ်ရုံးနှင့်အတူ သည်စထရိတ်တိုင်းမ်သတင်းစာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အွန်လိုင်းသတင်းတစ်ရပ်ကဆိုသည်။

မစ္စတာ လီကွမ်ယူသည် အူရောင်ငန်းဖျားဝေဒနာ အပြင်းအထန်ခံစားရခြင်းကြောင့် ဖေဖော်ဝါရီ ၅ ရက်က ဆေးရုံတင်ခဲ့ရပြီးနောက် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။

**(သည်စတား)**

# ဆိုင်ကယ်နှင့်ကား သန်လျင်၌တိုက်မိ နှစ်ဦးသေဆုံး

**ရန်ကုန် မတ် ၁၈**

သန်လျင် ကျိုက်ခေါက်ဘုရားလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ မတ် ၁၇ ရက် ည ၇ နာရီက ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 3G/---- ဟွန်ဒိုင်းအပြာရောင် ငြိမ်းချမ်းကမ္ဘာယာဉ်သည် သာသနာ့ဗိမာန်ရှေ့အရောက် မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်မောင်းနှင်သူ အမည်မသိ (၃၀ နှစ်)ခန့် မောင်းနှင်လာသော ဆိုင်ကယ်နံပါတ်မပါ (လိုင်စင်စိစစ်ဆဲ) ဂျက်လမတ် 110 အနက်ရောင်ဆိုင်ကယ်နှင့် လမ်းလယ်တွင် ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူနှင့် နောက်မှလိုက်ပါလာသူ (၂၅နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးတို့ နေရာတွင် သေဆုံးသွားသည်။

အဆိုပါအမှုကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# တတိယအကြိမ် တိုင်းရင်းမီဒီယာ ညီလာခံကျင်းပ

**ဟားခါး မတ် ၁၈**

တတိယအကြိမ် တိုင်းရင်းမီဒီယာ ညီလာခံဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ကာဆင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်တွင်းပြည်ပမီဒီယာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုကို မျှမျှတတ ထိန်းကျောင်းပေးရန် လိုအပ်သည့်အခြေအနေနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးခဲ့သည့် အခြေအနေများ၊ တိုင်းရင်းသားမီဒီယာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုသည့် မျှော်မှန်းချက် အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးရန် လိုအပ်သည့်အခြေအနေများကို တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဒီမိုကရေစီအစိုးရလက်ထက်တွင် မီဒီယာဖွံ့ဖြိုးရေးနှင့် လွတ်လပ်ခွင့်ကို အလေးထားအားပေးခဲ့ကြောင်း၊ ထုတ်ဝေခွင့်များကိုလည်း ဥပဒေနှင့်အညီ အမြန်ခွင့်ပြုပေးလျက်ရှိကြောင်း၊ မတ် ၁၅ ရက်အထိ သတင်းစာ ၃၂ စောင်၊ ဂျာနယ် ၄၂၉ စောင်၊ မဂ္ဂဇင်း ၃၄၇ အုပ်နှင့် အထွေထွေ ၉၈၂ စောင်ထုတ်ဝေခွင့် ပြုထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေနိုင်ရန်အတွက် သတင်းစာ၊ ဂျာနယ် ၂၆ စောင် ထုတ်ဝေခွင့်ပြုထားပြီး ဆက်လက်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်မီဒီယာကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် တိုင်းရင်းမီဒီယာ ငြိမ်းချမ်းရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ ရေဒီယိုနှင့် တီဗွီအပါအဝင် လူထုအခြေပြုမီဒီယာများ၏အခန်းကဏ္ဍ တိုင်းရင်းမီဒီယာများ ပိုမိုတည်တံ့ခိုင်မြဲလာစေရေး မီဒီယာဥပဒေ၊ မီဒီယာများဖွံ့ဖြိုးတိုးတက်စေရေးနှင့် သတင်းမီဒီယာဈေးကွက်များဖွံ့ဖြိုးရေးကို အားပေးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါညီလာခံကိုမတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စနစ်စသည့်စကားဝိုင်းများကို ကျင်းပသွားမည်ဖြစ်သည်။

တတိယအကြိမ် တိုင်းရင်းမီဒီယာ ညီလာခံသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအား ကြိုဆိုညစာစားပွဲ အခမ်းအနားကို မတ် ၁၇ ရက် ည ၇ နာရီတွင် ဟားခါးမြို့ ကာဆင်ခန်းမ၌ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် လူမှုအဖွဲ့အစည်းအသီးသီးနှင့် မီဒီယာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ချင်းတိုင်းရင်းသားရိုးရာ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေသည်။





ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် မတ် ၁၇ ရက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ဝိုင်ဖိုင်ဖြင့် အင်တာနက် အခမဲ့သုံးစွဲနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စံပြစာကြည့်တိုက်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးစာအုပ်များ စနစ်တကျထိန်းသိမ်းရေး၊ သတင်းစာ၊ ဂျာနယ်များကို စာဖတ်ပရိသတ်များ အချိန်မီဖတ်ရှုနိုင်ရေး၊ စာပေရေချမ်းစင်များ ရှင်သန်ရေး၊ စာဖတ်ပရိသတ်များ တိုးပွားရေးတို့နှင့် နိုင်ငံတော်မှ ခွင့်ပြုသည့် ဘတ်ဂျက်ငွေများကို ဘဏ္ဍာရေးလုပ်ထုံးနှင့်အညီ သုံးစွဲရန်တို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



မတ် ၁၈ ရက်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်(သိပ္ပံဘာသာတွဲ) ဖြေဆိုသူများ၏ နောက်ဆုံးဖြေဆိုသည့်ရက်ဖြစ်ရာ မြောက်ဥက္ကလာပမြို့နယ် အထက (၁) စာဖြေဌာနမှ ကျောင်းသား ကျောင်းသူလေးများ စာမေးပွဲကို ခြောက်ရက်တိုင်တိုင် အေးချမ်းစွာဖြေဆိုကြပြီး စိတ်လက်ပေါ့ပါးစွာ ထွက်ခွာလာကြစဉ်။ ကိုကြီးတင်

# စစ်တွေမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အတွဲ(၁)နှင့် အတွဲ(၇) ငြိမ်းချမ်းစွာ ဖြေဆိုပြီးစီး

**စစ်တွေ မတ် ၁၈**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်း မတ် ၁၁ ရက်မှစ၍ စစ်ဆေးခဲ့ရာ မတ် ၁၈ ရက်၌ ဇီဝဗေဒဘာသာရပ်အတွဲနှင့် ဘောဂဗေဒဘာသာရပ်အတွဲတို့ ငြိမ်းချမ်းစွာ ဖြေဆိုပြီးစီး၍ ကျောင်းသားကျောင်းသူများအပါအဝင် ဆရာမိဘများအားလုံး ဝမ်းသာလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းရှိ စုစုပေါင်း ၃၈၁၁ ဦးအနက်မှ အတွဲ (၁) နှင့် အတွဲ(၇) တွင် စာရင်းရှိ ကျောင်းသား ၁၈၆၅ ဦး၊ ကျောင်းသူ ၁၉၁၅ ဦး ပေါင်း ၃၇၈၀ ရှိပြီး ဖြေဆိုသူ ကျောင်းသား ၁၆၈၁ ဦး၊ ကျောင်းသူ ၁၈၀၄ ဦး ပေါင်း ၃၄၈၅ ဦးရှိ၍ ၉၂ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။

**မြင့်သူ(စစ်တွေ)**



**ပဲခူးတိုင်း ဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘောဂအတွဲ(၁)နှင့် အတွဲ(၇)ဘာသာရပ်တို့ကို ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၉၁၇ ဦးနှင့် ဇီဝဘာသာရပ်တွင် ၈၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၇၃၃ ဦးတို့မှာ နောက်ဆုံးနေ့အဖြစ် အေးချမ်းစွာ ဖြေဆိုပြီး တွေ့ရစဉ်။** မြင့်ဦး(ဖြူး)

# ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များဖြေဆို

**နေပြည်တော် မတ် ၁၈**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ တစ်ပြိုင်နက်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဇီဝဗေဒဘာသာဖြေဆိုသူ ၁၇၀၈၇၅ ဦးနှင့် ဘောဂဗေဒဘာသာဖြေဆိုသူ ၄၂၃၉၅၂ ဦးရှိသည်။ စာစစ်ဌာနအားလုံးတွင် ကျောင်းသူ ကျောင်းသားများ အေးချမ်းစွာဖြေဆိုကြပြီး သတ္တမနေ့စာမေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲနှစ်ခု အေးချမ်းစွာဖြေဆိုပြီးစီးခဲ့



**ဆိပ်ဖြူ မတ် ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ ဖြေဆိုခဲ့ရာ မတ် ၁၈ ရက်က ဇီဝဗေဒဘာသာတွဲနှင့် ဘောဂဗေဒဘာသာတွဲဖြေဆိုသူ ကျောင်းသား ကျောင်းသူများသည် အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ရာ ဇီဝဗေဒဘာသာတွဲမှ ၂၆၂ ဦး၊ ဘောဂဗေဒဘာသာတွဲမှ ၂၀၇၇ ဦး အဆိုပါဘာသာတွဲနှစ်တွဲမှ ဆေးရုံတက်ဖြေဆိုသူ ခုနစ်ဦးရှိပြီး စုစုပေါင်းဖြေဆိုသူ ၂၃၃၉ ဦး ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(Iprd)**

✻ *ကျော်ဖုံးမှ*

အခြေအနေနှင့် အောင်မြင်မှုရွှေတံဆိပ်ရရှိရေး ခန့်မှန်းအခြေအနေတို့ကို မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပွဲရုံ-၁ (သုဝဏ္ဏ)ရှိ ပတ္တမြားခန်းမ၌ အကြိုညှိနှိုင်းမှုတစ်ရပ်အနေဖြင့် ပြုလုပ်ခဲ့ခြင်းမှ ထွက်ပေါ် ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၃၁ နည်းမှ မျှော်မှန်းရွှေအခု ၅၀ မှာ မြားပစ်မှ ရွှေသုံးခု၊ ပြေးခုန်ပစ်မှ ရွှေနှစ်ခု၊ ဘိလိယက်နှင့်စနူကာမှ ရွှေသုံးခု၊ လက်ဝှေ့မှ ရွှေနှစ်ခု၊ လှေလှော် (ကနူး/ကယက်)မှ ရွှေခြောက်ခု၊ ရိုးရာလှေမှ ရွှေရှစ်ခု၊ အပြည်ပြည်ဆိုင်ရာလှေမှ ရွှေသုံးခု၊ ကျွမ်းဘားမှ ရွှေတစ်ခု၊ ဂျူဒိုမှ ရွှေလေးခု၊ ပီတန်းမှ ရွှေတစ်ခု၊ ပိုက်ကျော်ခြင်းမှ ရွှေနှစ်ခု၊ ခြင်းလုံးမှ ရွှေနှစ်ခု၊ ဝူရှူးမှ ရွှေငါးခု၊ တိုက်ကွမ်ဒိုမှ ရွှေနှစ်ခု၊ ဘောလုံးမှ ရွှေတစ်ခု၊ ရွက်လှေမှ ရွှေတစ်ခု၊ သေနတ်ပစ်မှ ရွှေနှစ်ခု၊ ဓားခုတ်မှ ရွှေတစ်ခုနှင့် ဂေါက်သီးမှ ရွှေတစ်ခုစုစုပေါင်း ရွှေအခု ၅၀ ခန့်မှန်းရရှိမည်ဟု မျှော်မှန်းထားသည်။ ရွှေမမျှော်မှန်းသော်လည်း သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဘော်လီဘော၊ ဘိုးရင်း၊ စက်ဘီး၊ ကြက်တောင်၊ ရေကူး/ ဒိုင်ဗင်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ Triathlon၊ Squash၊ မြင်းစီး၊ ဟော်ကီ၊ နက်ဘောနှင့် ဘတ်စကက်ဘောတို့ဖြစ်သည်။

“(၂၈)ကြိမ်မြောက်ဆီးဂိမ်းမှာ မြန်မာအားကစားအဖွဲ့ အုပ်ချုပ်သူတွေနဲ့ တာဝန်ရှိသူတွေကို အခုလိုတွေ့ဆုံတာက ပြည်သူတွေကို ကြိုတင်ပြင်ဆင်ထားမှု အခြေအနေနဲ့မျှော်မှန်းထားတဲ့ ရွှေတံဆိပ်ဆုကို ပွင့်ပွင့်လင်းလင်းချပြချင်လို့ပဲဖြစ်တယ်။ လာရောက်ဆွေးနွေးတဲ့အဖွဲ့ ၃၁ ဖွဲ့လုံးကတော့ ရွှေမှန်းထားတာလည်းရှိသလို လုံးဝမမှန်းထားတာလည်းရှိတယ်။ မမှန်းထားလည်း သွားရောက်ယှဉ်ပြိုင်ရမှာပဲ။ အရင်ကလို ရွှေမရရှိနိုင်လို့ သွားမပြိုင်ရဘူးလို့တော့ ခုခေတ်မှာ မရတော့ဘူး။ အခုမျှော်မှန်းထားတဲ့ ရွှေ ၅၀ က လျော့လည်း ၁၀ ခု၊ တိုးလည်း ၁၀ ခုပေါ့၊ ဒီထက်ကတော့ မလျော့နိုင်ပါဘူး” ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

လာမည့်ဇွန်လ၌ စင်ကာပူနိုင်ငံတွင်ကျင်းပမည့်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူအနေဖြင့် အားကစားနည်း ၃၆ နည်းထည့်သွင်းကျင်းပသွားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၁ နည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်း

# လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေပေးအပ်

**နေပြည်တော် မတ် ၁၈**

လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် ညနေ ၄ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်က အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစုက ငွေကျပ် ၃၀၀၀၀၀ နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၆၇၈၈၀၀ စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၇၈ သိန်းကို အလှူရှင်များက ပေးအပ်ရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူရှင်များက မတ် ၁၈ ရက်အထိ လာရောက်လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၈၉ ဒသမ ၆၈ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း မတ် ၁၈**

မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာများသို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများသည် မတ် ၁၆ ရက် မွန်းလွဲပိုင်းက တောင်ပို့သာကျေးရွာအထက်တန်းကျောင်းခွဲ၌ ဒေသဖွံ့ဖြိုးရေးအတွက် ကျောင်းကုန်း၊ သပြေကုန်း၊ သစ်ဆိမ့်ပင်၊ အုန်းပင် စသည့်အုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများ ရှင်းလင်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ်ဝက်စာမေးပွဲကို မတ် ၁၆ ရက်မှ စ၍ ဖြေဆိုလျက်ရှိရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေကြစဉ်။ အိမ့်ထက်မှူး

☆ ရှေ့ဖုံးမှ

တွေ့ဆုံတိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စစ်ကြောင်းများ၏ တိုက်ခိုက်မှုကြောင့် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အတူ ကုန်းကြမ်း-တာကျိုင်း-မော်ထိုက်သွားကားလမ်းကို စိုးမိုးထားသည့် ကုန်းကြမ်းမြို့ မြောက်ဘက် လော်ကွာကျိုင်းကျေးရွာအနီးရှိ တောင်ကုန်းများ၌ ယာယီအခြေပြုခံစစ်ယူထားသော ကိုးကန့်သောင်းကျန်းသူများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းက လေကြောင်းပစ်ကူရယူ၍ တိုက်ခိုက်ရှင်းလင်းခဲ့ရာ သောင်းကျန်းသူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး ၎င်းတို့ခံစစ်ယူထားသည့် တောင်ကုန်းငါးခုကို သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အပြင် နံနက် ၈ နာရီခန့်တွင်လည်း တပ်မတော်စစ်ကြောင်းများက စီအောကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းရာ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့ရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်ခဲ့သော ပါစင်ကျော် ကျေးရွာနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၇ ဆက်သွယ်ထားသည့် ကားလမ်းအား စိုးမိုးထားသော ပွိုင့်-၁၄၆၈ တောင်ကုန်းအား ကိုးကန့်သောင်းကျန်းသူအင်အားစုများက အဖွဲ့များခွဲ၍ မတ် ၁၇ ရက်ညနေပိုင်းမှ စတင်တိုက်ခိုက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက ပြန်လည်ရင်ဆိုင်ထိန်းချုပ် တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်တစ်လုံးနှင့် ပျံကျတဲတစ်လုံးကို သတင်းအရ ဝင်ရောက်ရှင်းလင်းခဲ့ရာ အမျိုးသား ၁၆ ဦးနှင့်အတူ မက်သာ




အက်ဖက်ဒရင်း (ICE) ၇ ကီလိုဂရမ် (ကာလတန်ဖိုး ၁၃၁၃ သိန်း ၅ သောင်းကျပ်ခန့်)၊ အက်ဖက်ဒရင်း ၂၁ ကီလိုဂရမ်(ကာလတန်ဖိုးကျပ် ၅၆၇ သိန်းခန့်)၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (ကာလတန်ဖိုးကျပ်သိန်း ၉၀ ခန့်)၊ WY စိတ်ကြွရူးသွပ်ဆေး အမှုန့်ရောရာ ၁၀၃ ဒသမ ၅ ဂရမ် (ကာလတန်ဖိုး ၂၀၆ သိန်း ၅ သောင်း ကျပ်ခန့်)၊ ဘိန်းဖြူဘလောက်တုံး ၃၀၀ ဂရမ်ခန့် တစ်တုံး (ကာလတန်ဖိုး ကျပ်သိန်း ၆၀ ခန့်)နှင့် အရောင်တင်အမှုန့် ၃၀၀ ဂရမ်ခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါ တိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း သုံးလောင်း၊ ဒုံးပစ်လောင်ချာ နှစ်လက်၊ လက်နက်ငယ်မျိုးစုံ ခြောက်လက်၊ ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၃ ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့၍ ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံများသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည်လည်း တစ်ရှိန်ထိုး တိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်ဟိုတယ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပေးလျက်ရှိပါသည်။ လုပ်ကိုင်ခွင့်ရရှိသူများအနက် အချို့မှာ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း အချို့မှာ စာချုပ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျမဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ယခုအခါ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေရရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေလိုပါသည်။ ထို့အတွက် အောက်ပါအချက်များအား ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါသည်-

(က) ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းကြောင်း ထောက်ခံချက်
(ခ) သက်ဆိုင်ရာအမည်ခံကုမ္ပဏီ၏ ရာဇဝင်နှင့်အချက်အလက်များ
(ဂ) ဟိုတယ်အား ရင်းနှီးမြှုပ်နှံတိုးချဲ့ ဆောင်ရွက်မည့်အစီအစဉ်
(ဃ) မိမိနှင့်လုပ်ငန်းဆောင်ရွက်နေသော ဘဏ်မှ မိမိ၏ဘဏ်စာရင်းနှင့် မိမိအဆိုပြုဈေးနှုန်းအား ငှားရမ်းသူမှ မပေးသွင်းပါက အဆိုပါဘဏ်မှ ပေးသွင်းမည့်အကြောင်းအာမခံချက်
(င) မိမိတင်သွင်းထားသော အဆိုပြုဈေးနှုန်းအပေါ် အရင်းကျေကာလနှင့် အကျိုးအမြတ်ရရှိမှု အခြေအနေဖော်ပြချက်
(စ) ဌာနပိုင်ဟိုတယ်များအား လက်ရှိငှားရမ်းထားသူများသည် အမည်ပြောင်းပြီး ထပ်မံလျှောက်ထားခြင်းမပြုရန်

၃။ သို့ပါ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကျိုင်းတုံမြို့၊ မိုင်းရမ်းလမ်းနှင့် ဟောင်ခမ့်လမ်းထောင့် မြေအကျယ်အဝန်း ၄ ဒသမ ၁၆၆ ဧကပေါ်ရှိ အခန်း ၁၀၈ ခန်းပါ ကျိုင်းတုံဟိုတယ်သစ်အား ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေးခေါ်ယူအပ်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ် ၃၃၊ နေပြည်တော်တွင် တစ်စုံလျှင် ၅၀၀၀ဝိ/-ဖြင့် ၂၀-၃-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာများနောက်ဆုံးဝယ်ယူနိုင်မည့်ရက်မှာ ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၆း၀၀နာရီအထိ ဖြစ်ပါသည်။

၅။ တင်ဒါစည်းကမ်းချက်အသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၅ခုနှစ် မတ် ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီတွင် အသေးစိတ်ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ယင်းသို့ ရှင်းလင်းပြောကြားရာ၌ တင်ဒါတင်သွင်းသူကိုယ်တိုင်(သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်သာ တက်ရောက်ခွင့်ရှိပါမည်။ တင်ဒါစည်းကမ်းများရှင်းလင်းပွဲသို့ တက်ရောက်သူသာလျှင် အဆိုပြုတင်သွင်းလွှာများ တင်သွင်းခွင့်ရှိပါမည်။

၆။ တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများကို ၃၁-၃-၂၀၁၅ ရက် (အင်္ဂါနေ့) ၉း၃၀နာရီမှ ၁၀း၃၀နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ယင်းရက် ၁၂း၀၀နာရီတွင် လူတွေ့မေးမြန်းခြင်းဆောင်ရွက်သွားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**


## မြသန္တာမဟာစည်သာသနာ့ရိပ်သာ သင်္ကြန်(၁၀)ရက် တရားစခန်း

ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေး၊ မြသန္တာမဟာစည်သာသနာ့ရိပ်သာမှ သင်္ကြန်(၁၀)ရက်တရားစခန်းကို ၁၀-၄-၂၀၁၅ ရက်မှ ၂၀-၄-၂၀၁၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယောဂီ ၅၀သာလက်ခံမည်ဖြစ်ပါ၍ အမှန်တကယ်လာရောက်နိုင်သူများနှင့် ရိပ်သာစည်းကမ်းအတိုင်း လိုက်နာနိုင်သော ယောဂီများသာ အောက်ပါဖုန်းနံပါတ်တစ်ခုတည်းကို ဆက်သွယ်စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

**မှတ်ချက်**။ ရက်ပြည့်မနေနိုင်သူများ၊ စာရင်းပေးသွင်းခြင်းမပြုသူများ၊ စည်းကမ်းမလိုက်နာသူများကို လက်ခံမည်မဟုတ်ပါ။

**ဖုန်း-၀၉-၃၀၀၈၂၄၃၀**


## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင် အင်ဂျင်နီယာမှူး သိုလှောင်ရုံ၌ရှိသော အသုံးမလိုတော့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လေလံတင်ရောင်းချလိုပါသည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစားနှင့် အရေအတွက်များအား မျက်မြင်အနေအထားအတိုင်း Lot-No အလိုက် လေလံတင်ရောင်းချမည်ဖြစ်ပါမည်။

| | | | |
|---|---|---|---|
| ၃။ | **တင်ဒါပုံစံထုတ်ယူရမည့်ရက်နှင့် ပစ္စည်းပြသမည့်ရက်** | - | ၂၀-၃-၂၀၁၅ ရက်မှ ၂၅-၃-၂၀၁၅ ရက်အထိ၊ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း) |
| ၄။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ခရိုင်အင်ဂျင်နီယာမှူးရုံး၊ လားရှိုးမြို့ |
| ၅။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** | - | ၂၅-၃-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀နာရီ |
| ၆။ | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - | ၂၆-၃-၂၀၁၅ရက်၊ ၉း၀၀နာရီ |

၇။ အသေးစိတ်သိလိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၌ ရုံးချိန်အတွင်း ဖုန်း-၀၈၂-၂၃၀၅၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**


## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ နဘက်ကြီး အထက သတ္တမတန်း(A)မှ မမြတ်နိုးခင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၅/မမတ(နိုင်)၀၅၉၁၄၅ ဖြစ်ပါကြောင်း။

**ဦးကျော်ဦး**

## ပျောက်ဆုံးကြောင်း

Daw Saw Saw Oo [12/LA MA TA (N)006460 ]Licence No.ISP 3/14/15/ 35221 ID No.847550၊ 27/2/2013 မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၃၀၀၃၃၁၊ ၀၉-၈၇၅၅၉၃၉၄၉**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)**

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာန ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့လည်း ပါဝင်သည်။

(ခ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောစေတနာ့ဝန်ထမ်းများ ပါဝင်သည့်မီးသတ်တပ်ဖွဲ့ကိုဆိုသည်။

(ဂ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်အရဖြစ်စေ၊ ခွင့်ပြုချက်အရဖြစ်စေ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဃ) **မီးဘေးလုံခြုံရေး** ဆိုသည်မှာ မီးဘေးအန္တရာယ် အသိပညာပေးရေး၊ ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင်အခြားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) **မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာ**ဆိုသည်မှာ မီးဘေးလုံခြုံရေးအတွက် အသုံးပြုသည့် မီးလှန့်အချက်ပေးပစ္စည်း ကိရိယာ၊ မီးလောင်မှုဆိုင်ရာအာရုံခံပစ္စည်းကိရိယာ၊အရေးပေါ်လွတ်မြောက်မှုအတွက် အသုံးပြုသော ပစ္စည်းကိရိယာ၊ မီးငြိမ်းသတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ မီးကာနှင့် မီးသတ်ဝတ်စုံအမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန် အသုံးပြုနိုင်သော အခြားပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင်မီးသတ်တပ်ဖွဲ့က အသုံးပြုနေသည့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် မီးသတ်ဦးစီးဌာနကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(စ) **မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း** ဆိုသည်မှာ မီးလောင်လွယ်သောပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချို့ယွင်းပျက်စီးနေသော သို့မဟုတ် လျှပ်စစ်စီးဝင်နေသော လျှပ်စစ်ပစ္စည်းကိရိယာ၊ အရက်ပျံ၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊ သစ်နှင့် သစ်အခြေခံပစ္စည်း၊ စက္ကူနှင့်စက္ကူအခြေခံပစ္စည်း၊ ရော်ဘာနှင့် ရော်ဘာအခြေခံပစ္စည်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်အခြေခံပစ္စည်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကိုဖြစ်ပေါ်စေသောပစ္စည်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဆ) **မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း** ဆိုသည်မှာ မီး၊လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းများ အသုံးပြုသောလုပ်ငန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းနှင့်ဆက်စပ်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်းပါဝင်သည်။

(ဇ) **ပေါက်ကွဲစေတတ်သည့်ပစ္စည်း**ဆိုသည်မှာ ဓာတုဗေဒပစ္စည်း၊ ပေါက်ကွဲမှုကိုဖြစ်ပေါ်စေနိုင်သော အရာဝတ္ထုပစ္စည်း၊ ယမ်း သို့မဟုတ် ယမ်းအသုံးပြုထားသောပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေါက်ကွဲစေတတ်သော ပစ္စည်းအဖြစ် အခါအားလျော်စွာသတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဈ) **မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးခြင်း**ဆိုသည်မှာ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူက မီးဘေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ စစ်ဆေးခြင်းကိုဆိုသည်။

(ည) **ဗဟိုအဖွဲ့** ဆိုသည်မှာ မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကိုဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်။

(ဌ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဍ) **မီးသတ်ဦးစီးမှူး** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(ဎ) **မီးသတ်တာဝန်ခံ** ဆိုသည်မှာ ဒေသတစ်ခုတွင် တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံးမီးသတ်ဝန်ထမ်း သို့မဟုတ် မီးသတ်ဝန်ထမ်းမရှိသော နယ်မြေတွင်မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံး အရန်မီးသတ်တပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဏ) **မီးသတ်ဝန်ထမ်း** ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် ခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့်အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်၊

(ခ) မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ်ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်၊

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုကို ရရှိရေးအတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါကပါဝင်ကူညီဆောင်ရွက်ရန်။

### အခန်း (၃)
### မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | နေပြည်တော်ကောင်စီဝင်တစ်ဦး | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ | အဖွဲ့ဝင် |
| (၅) | မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ | အဖွဲ့ဝင် |
| (၇) | မီးဘေးလုံခြုံရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန | တွဲဖက် အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

### အခန်း (၄)
### ဗဟိုအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဂ) မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ၊ နည်းပညာအကူအညီများလက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများ၊ နည်းပညာအကူအညီများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

### အခန်း (၅)
### မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်း

၆။ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးဘေးလုံခြုံရေးအဖွဲ့၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့၊

(ဂ) ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့၊

(ဃ) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့၊

(င) မြို့မီးဘေးလုံခြုံရေးအဖွဲ့၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးလုံခြုံရေးအဖွဲ့။

၇။ ဗဟိုအဖွဲ့သည် ပုဒ်မ ၆ ပါ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

### အခန်း (၆)
### အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၈။ မီးသတ်ဦးစီးဌာနသည် -

(က) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးလုံခြုံရေးအသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးရာတွင် လည်းကောင်း မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ကိုပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းပြုလုပ်လိုပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၉။ မီးသတ်ဦးစီးဌာနသည် -

(က) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့ဝင် အဆင့်ဆင့်တို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဃ) အရန်မီးသတ်တပ်ဖွဲ့အဆင့်ဆင့်၏ အထောက်အပံ့ပစ္စည်းနှင့်ငွေကြေးများကိုလက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်။

၁၀။ အသက် ၁၈ နှစ်ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

၁၁။ မီးသတ်ဦးစီးဌာနသည် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၂။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

### အခန်း (၇)
### သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ မီးသတ်ဦးစီးဌာနသည် -

(က) စက်ရုံ၊ အလုပ်ရုံ၊ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော သီးသန့်မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်လိုပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၁၄။ သီးသန့်မီးသတ်တပ်ဖွဲ့သည် -

(က) သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့်စစ်ဆေးမှုကို ခံယူရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့်အခါတွင်လည်းကောင်း သက်ဆိုင်ရာမီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မီးဘေးလုံခြုံရေးဆိုင်ရာပညာရပ်များ လေ့ကျင့်သင်ကြားရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများရရှိစေရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကို ခံယူရမည်။

### အခန်း (၈)
### မီးဘေးလုံခြုံရေးလုပ်ငန်းများ

၁၅။ မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်သည်-

(က) ဗဟိုအဖွဲ့က ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ပညာပေးစည်းရုံးရမည်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သောအခါ ဗဟိုအဖွဲ့က ချမှတ်ထားသည့်လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့ဝင်များ အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) မီးဘေးလုံခြုံရေး ကြိုတင်သတိပေးအဖွဲ့များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တာဝန်ချထားရမည်။

၁၆။ မြို့နယ်မီးသတ်ဦးစီးမှူးသည် -

(က) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများလိုက်နာခြင်း ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် လိုက်နာမှုမရှိသူများကို လိုအပ်သလို သတိပေးခြင်း၊ အရေးယူခြင်းတို့ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၇။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့် ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရယူရမည်-

(က) သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင်အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊

*စာမျက်နှာ ၁၆ သို့*

ဥပဒေ

# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)**

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁ ။ ဤဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂ ။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ မည်သူမဆို -

(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသလျှင်၊ သို့မဟုတ်

(ခ) ဥပစာတစ်ခုခု ပိုင်ဆိုင်သူ၊ အငှားနေထိုင်သူ၊ အငှားချထားခံရသူ၊ လက်ရှိနေထိုင်သူ သို့မဟုတ် ထိန်းသိမ်းရသူဖြစ်၍ အဆိုပါ ဥပစာပေါ်တွင် လည်းကောင်း၊ အဆိုပါဥပစာမှ သော်လည်းကောင်း နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင်ပြသခြင်းကိုသိလျက်နှင့် ခွင့်ပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၁၅ မှ*

(ခ) ဟိုတယ်၊မိုတယ်၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း၊

(ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းအသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခြင်း၊

(င) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊

(စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်တို့ကို အသုံးပြု၍ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်ခြင်း။

၁၈ ။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများ ရေးဆွဲရာတွင် မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူဆောင်ရွက်ရမည်။

၁၉ ။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် အများပြည်သူဆိုင်ရာ နေရာများတွင် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့်ဘာသာရေးဆိုင်ရာပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာ၌ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာသက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ သဘောထားရယူဆောင်ရွက်ရမည်။

**အခန်း (၉)**

**မီးလောင်မှုနှင့်စပ်လျဉ်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၀ ။ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်ဝန်ထမ်း သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ မီးငြိမ်းသတ်ရေးနှင့် သက်ဆိုင်သော အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လျှပ်စစ်မီး ဖြတ်တောက်ခြင်း၊

(ခ) ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ပိတ်ဆို့ဖြတ်တောက်ခြင်း၊

(ဂ) မီးသတ်ယာဉ်များ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေးအတွက် လမ်းများရှင်းလင်းခြင်း၊

(ဃ) ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခြင်း၊

(င) မီးကူးစက်ရန် အကြောင်းရှိသည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံများကို လိုအပ်သည့် အတိုင်းအတာအထိ ဖြိုဖျက်ခြင်း၊

(စ) ရေရရှိရေးအတွက် မည်သည့်နေရာ၊ ရေတွင်း၊ ရေကန်၌မဆို ရေရယူခြင်းနှင့် ရေပိုမိုရရှိစေရန် အခြားပိုက်လိုင်းများကို ပိတ်ဆို့ခြင်း၊

(ဆ) မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် မည်သည့်ယာဉ်ကိုမဆို ရယူအသုံးပြုခြင်း။

၂၁ ။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံး စုံစမ်းစစ်ဆေး၍ အဆင့်ဆင့်တင်ပြရမည်။

၂၂ ။ ဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက မီးလောင်မှုကို စုံစမ်းစစ်ဆေးတင်ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ ပုဒ်မ ၂၁ အရပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကိုရပ်ဆိုင်း၍ စုံစမ်းစစ်ဆေးပြီးစီးသည့်အထိ စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ လွှဲအပ်တင်ပြရမည်။

**အခန်း (၁၀)**

**ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၃ ။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများတွင် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း၊

(ခ) မီးသတ်ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဂ) မီးသတ်တပ်ဖွဲ့များအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဃ) မီးဘေးလုံခြုံရေးဆိုင်ရာ သင်တန်းများနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းများ ဖွင့်လှစ်ခြင်း၊

(င) မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်ကို တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိပြည်သူတို့အားဆုချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ထောက်ခံတင်ပြခြင်း၊

(ဆ) မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးသည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်ထမ်းဆောင်ရာတွင် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိပါက သတ်မှတ်ချက်များနှင့်အညီ လျော်ကြေး သို့မဟုတ် ဂရုဏာကြေးရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဇ) မီးဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်တို့ကို ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဈ) မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊

(ည) အရန်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ တိုးတက်များပြားလာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ မီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပ စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းနှင့် နည်းပညာအကူအညီများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုနိုင်ရန် စီမံခန့်ခွဲ ဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုအဖွဲ့နှင့်ဝန်ကြီးဌာနကပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

**အခန်း (၁၁)**

**တားမြစ်ချက်များ**

၂၄ ။ မည်သူမျှ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပုဒ်မ ၁၆ အရ ထုတ်ပြန်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၅ ။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ -

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကိုထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၆ ။ မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်းသိလျက်နှင့် မီးလောင်မှု ဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်းမပြုရ။

၂၇ ။ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များကို အကြောင်းမဲ့ဟန့်တားခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မသက်ဆိုင်သည့်နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း မပြုရ။

၂၈ ။ မည်သူမျှ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ လက်ရောက်မှုပြုခြင်း မပြုရ။

၂၉ ။ မည်သူမျှ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာမီးဘေးလုံခြုံရေးအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့က တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၃၀ ။ မည်သူမျှ မီးစတင်လောင်သောနေရာနှင့် မီးလောင်မှုအကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းဖော်ထုတ် အတည်မပြုမီကာလအတွင်း မီးလောင်ပြင်နေရာ၏ သတ်မှတ်ထားသောဧရိယာအတွင်းရှိ သက်သေခံပစ္စည်းများကို ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ ပြောင်းရွှေ့ခြင်း မပြုရ။

၃၁ ။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမပြုရ။

၃၂ ။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ။

၃၃ ။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့်မီးသတ်တပ်ဖွဲ့ဝင်မျှ တံစိုးလက်ဆောင်ကို သော်လည်းကောင်း၊ ပိုင်ရှင်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အခြားပစ္စည်း သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကိုသော်လည်းကောင်း ရယူခြင်းမပြုရ။

**အခန်း (၁၂)**

**ပြစ်ဒဏ်များ**

၃၄ ။ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မ၃၀ နှင့် ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊မိုတယ်၊တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူမည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၆ ။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇ ။ မည်သူမဆို ပုဒ်မ ၂၇ ၊ ပုဒ်မ ၂၈နှင့် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈ ။ မီးသတ်တပ်ဖွဲ့ဝင် မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၉ ။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

**အခန်း (၁၃)**

**အထွေထွေ**

၄၀ ။ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ လိုအပ်သည့် စစ်ဆေးဆောင်ရွက်ချက်များအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဝန်ဆောင်ခကို မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခကို သတ်မှတ်ရမည်။

၄၁ ။ မီးလောင်မှုဖြစ်ပွားရာတွင် သဘောရိုးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့်ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း၊ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ်များကို မောင်းနှင်ထွက်ခွာရာတွင် နည်းလမ်းတကျမောင်းနှင်ပါလျက် မတော်တဆဖြစ်ပွားမှုအတွက်လည်းကောင်း မည်သူကိုမျှ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၄၂ ။ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကိုဆောင်ရွက်စဉ်တွင်ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၃ ။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၄ ။ မီးသတ်တပ်ဖွဲ့ဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၂/၁၉၆၃) အရ ဖွဲ့စည်းတည်ထောင်ထားသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့များဖြစ်သည်ဟုမှတ်ယူရမည်။

၄၅ ။ မီးသတ်တပ်ဖွဲ့ဥပဒေ (တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၂/၁၉၆၃) နှင့် မီးသတ်တပ်ဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၇)အရထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၆ ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ ဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၇ ။ မီးသတ်တပ်ဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သစ္စာအရောင်ဉာဏ်တန်ဆောင်လည်း ပြောင်လျက် ဝင်းလျက်ကျန်စေသတည်း




**သီဟသိန်း(အေးချမ်းမြေ)**

ဩော် လူ့ပြည်လောက၊ လူ့ဘဝကား၊ အိုရနာရ သေရဦးမည်၊ မှန်ပေသည်တည့်၊ သို့တပြီးကား၊ သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏။ သင်၏မျိုးသား၊ စာစကားလည်း၊ ကြီးပွားတိုးမြှင့်၊ ကျန်ကောင်းသင့်၏။ သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့် သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျက် ဝင်းလျက်၊ ကျန်စေသတည်း။

အမျိုးသားစာဆိုပညာရှင်ကြီး ဆရာဇော်ဂျီ၏ ကဗျာပေါင်းချုပ်စာအုပ်တွင် ၎င်းကဗျာအား အိုးဝေအတွဲ ၅၊ အမှတ် ၁ (၁၉၃၅ ဒီ)ဟု ဖတ်မှတ်ခဲ့ရပါသည်။ မြန်မာတို့၏စေတနာသဒ္ဓါကား ကမ္ဘာမှာရှားပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလ ရွှေတိဂုံဘုရားအား ဖူးမြော်ရသောကာလတွင် ရွှေပြားရွှေသင်္ကန်းကပ်လှူထားကြသည်မှာ အနည်းငယ်သာရှိသေးပြီး ယခုကာလတွင် စေတီတော်အောက်ခြေအထိ ရွှေသားစစ်စစ်သင်္ကန်းတော်(အောက်ခံကြေးပြားအပါအဝင်) ကပ်လှူပူဇော်ပြီးခဲ့ကြလေကြောင်း ဆရာတော်ကြီးတစ်ပါးမှ မိန့်ကြားခဲ့သည်ကို မှတ်သားနာယူခဲ့ဖူးပါသည်။ ဆရာကြီးဇော်ဂျီ၏ သင်သေသွားသော် ကဗျာအဆိုအရမူ ကျွန်ုပ်တို့မြန်မာလူမျိုးတို့ ကိုးကွယ်ဆည်းကပ်ပူဇော်ရာ စေတီတော်မြတ်များ၏ သစ္စာအရောင် ဉာဏ်တန်ဆောင်တို့ ဝင်းပြောင်လက်ကာ ကမ္ဘာ့အလယ် အံ့သြဖွယ်ဖြစ်အောင် ကြံစည်ဆောင်ရွက်ခဲ့ကြသည်ကား လက်တွေ့သရုပ်ဖော် ထုတ်ပြသခြင်းပင်ဖြစ်ပေသည်။ မြန်မာတို့၏စေတနာသဒ္ဓါကား အံ့သြချီးကျူးဘနန်းဖြစ်သည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်းတို့အား ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်ကင်းဝေးပြီးကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြစေရန် ရည်သန်လျက် ရန်ကုန်မြို့လေးဆူခေတ်ပုံ ရွှေတိဂုံစေတီတော်ကြီးနှင့် အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ပူဇော်ခဲ့ကြရာ နေပြည်တော်၏မှန်ကင်းသဖွယ် တည်ရှိပြီး နေပြည်တော် မည်သည့်အရပ်ဒေသမဆို အဝေးမှ လှမ်းမျှော်ကြည့်ရှုဖူးမြော်နိုင်ကာ ဥပ္ပါတသန္တိကုန်းမြေတောင်ထွတ်ပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် ရွှေတောင်ထွတ်ငယ်အလား မြင်ကွင်းရှင်းသန့်ကာ ဖူးမြော်ကြည်ညိုနေကြရသည်မှာ ပြည်တွင်းဘုရားဖူးများသာမက နိုင်ငံတကာမှ လာရောက်ကြသည့် ဧည့်သည်တော်အကြီးအကဲများ၊ အဖွဲ့အစည်းများသည် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး၏လိုဏ်အတွင်း ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ၊ ဗုဒ္ဓ၏ဖွားပွင့်ဟောစံစသောစကျင်ကျောက်တစ်ခြမ်းပေါ် ရုပ်ကြွများ ထုလုပ်ထားမှုများနှင့် လိုဏ်ဂူမျက်နှာကြက်အမိုးတွင် သစ္စာလေးပါးအကျင့်မြတ်များနှင့် ခါတ်ကြီးလေးပါးနိမိတ်ပုံများအား ရွှေဇဝါယွန်းတို့ဖြင့် ပုံဖော်ပြသထားပြီး မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတို့အား ပါဠိဘာသာ၊ မြန်မာဘာသာတို့မှ ဘာသာပြန်ဖော်ပြထားသဖြင့် အံ့သြခမန်းရှိသွားကြပေသည်။ နိုင်ငံရပ်ခြားမှ အကြီးအကဲတစ်ဦးနှင့်ဝန်ကြီးများတို့ လာရောက်လေ့လာကြည့်ရှုစဉ် မဂ္ဂင်ရှစ်ပါးတရားများကို ဘာသာပြန်ဆိုဖော်ပြချက်များအား ညွှန်ပြပြီး သူနှင့်သူ့ဝန်ကြီးများအား လိုက်နာကြစေရန် ပြောကြားသွားခဲ့ပေသည်။ မည်သည့်ဘာသာပင်ဖြစ်စေ ဗုဒ္ဓ၏တရားတော်မှ ကောင်းနိုးရာရာများ ယူဆောင်ကျင့်သုံးပါက ဗုဒ္ဓအဆုံးအမအတိုင်း၊ ကျင့်ကြံနေထိုင်သွားနိုင်ပါမှ လောကကောင်းကျိုးအမှန်သယ်ပိုးနိုင်သူများဖြစ်ပေမည်။

ထို့အတူ သစ္စာတန်ဆောင် ဉာဏ်ရောင်ထွန်းလင်းပြောင်စေရေးအတွက် ဆောင်ရွက်ခဲ့ကြရာတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လတွင်ပြီးစီးခဲ့ပြီး ရွှေစင်ရွှေပြားသင်္ကန်းတော်များကို ရွှေထီးတော် အောက်ခြေမှကြာနုအထိ ကပ်လှူပူဇော်ခဲ့ရာ သက်တမ်းငါးနှစ်ကျော် ခြောက်နှစ်အတွင်းရှိခဲ့ပေသည်။ ဆက်လက်၍ ပြည်သူပြည်သားတို့ စေတနာသဒ္ဓါတရားအားကောင်းမှုကြောင့် ကြာနုအောက်ခြေမှ တတိယဖောင်းရစ်အထိ ရွှေစင်ရွှေပြားများအား အလှူရှင်ပေါင်း ၄၀၉ ဦးတို့မှရွှေစင် ရွှေပြားချပ်ရေ ၁၀၀၁ ချပ်တို့အား လာရောက်လှူဒါန်းခဲ့ကာ ဆက်လက်၍လည်း မြန်မာပြည်အနယ်နယ်အရပ်ရပ်တို့မှ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် SF.015491 သို့ ပေးပို့လှူဒါန်းလျက်ရှိပါသည်။ သစ္စာတန်ဆောင်ဉာဏ်အရောင်တို့ ထွန်းလင်းပေါ်ပေါက်စေရန် မဟာသုဝဏ္ဏစီဝရဒါနကိုယ်တိုင်လက်ရောက်လှူဒါန်းခဲ့ကြသည်မှာ ဉာဏ်နှင့်ယှဉ်သော ကုသိုလ်စိတ်ပြဋ္ဌာန်းပြီး ကမ္ဘာတည်သရွေ့တည်ရှိကြမည့် လှူဒါန်းမှုမျိုးဖြစ်ပြီး သားစဉ်မြေးဆက် သစ္စာဉာဏ်ရောင်တပြောင်ပြောင်နှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲနိုင်ကြမည် ဖြစ်ပေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး၏ မိန့်မှာကြားချက်အရဆိုသော် မြန်မာ့စိတ်ထား ကမ္ဘာမှာရှားသော စေတနာသဒ္ဓါတရားများဖြစ်ကြပြီး သက်တော်ထင်ရှားဘုရားနှင့် ယခုလိုစေတီပုထိုးတို့အား ပူဇော်ရှိခိုးလှူဒါန်းခြင်း စိတ်ထားတူသဖြင့် ကုသိုလ်လည်းအတူတူရနိုင်မည်ဖြစ်ပြီး ဆက်လက်၍ စေတနာသဒ္ဓါတိုးပွားကာ နေအရောင်ရွှေတောင်ပေါ်သကဲ့သို့လည်းကောင်း၊ ရိုးမနှစ်သွယ်ကြားရွှေတောင်ပေါက်ပွားလာသကဲ့သို့လည်းကောင်း၊ သစ္စာအရောင် ဉာဏ်တန်ဆောင်လည်းပြောင်လျက် ဝင်းလျက်ကျန်စေရန်လည်းကောင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

## ရေနွေးတည်ရာမှ မီးလောင်မှုဖြစ်ပွား

**စဉ့်ကူး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ အမှတ် (၂) ရပ်ကွက် သစ်တောပျိုးဥယျာဉ်အနီးရှိ ဒေါ်ဆွေ၏ နေအိမ်တွင်အိမ်ငှားထားခဲ့သူ ဒေါ်ကြည်မှ လျှပ်စစ်ဒစ်ဂျစ်တယ်မီးဖိုဖြင့် ရေနွေးတည်ရာမှ အပူလွန်ကဲပြီး နေအိမ်မီးဖိုမှတစ်ဆင့် ကူးစက်လောင်ကျွမ်းရာ အိမ်တစ်ဝက် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေါ်ဆွေ၏ သုံးခန်းနှစ်ခန်း၊ သွပ်မိုး မြေစိုက်အိမ်ကို မတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်က စတင်လောင်ကျွမ်းခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀က မီးသတ်ကားသုံးစီးဖြင့် ချက်ချင်းလာရောက်ငြိမ်းသတ်ရာ မီးမှာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သုံးသိန်း ဖြစ်ကြောင်းသိရှိရပြီး မီးပေါ့ဆစွာသုံးစွဲသူ အိမ်ငှားဒေါ်ကြည်အား စဉ့်ကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

## အထူးကုသမားတော်ကြီးများ အခမဲ့ဆေးဝါးကုသပေး

**ကျောက်တလုံးကြီး မတ် ၁၈**

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ အခမဲ့ဆေးဝါးကုသပေးလျက်ရှိရာ ပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် မတ် ၁၄ ရက်က ကျောက်တလုံးကြီးမြို့ ပြည်သူ့ဆေးရုံတွင် စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေးဆေးရုံတို့မှ အထူးကုသမားတော်ကြီးများနှင့် ဆရာဝန်ကြီးများ၊ သူနာပြုများပါဝင်သည့်အဖွဲ့သည် မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရွာများမှ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသရာသို့ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုးဆွေ ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဆေးဝါးများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြသည်။

အဆိုပါ ဆေးကုသရာတွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ အရိုးအကြောအဆစ်၊ သွားနှင့်ခံတွင်း၊ တိုင်းရင်းဆေးစသည့် သမားတော်နှင့် အထူးကုဆရာဝန်ကြီးများက တိုင်းရင်းသားပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ချင်းပြည်နယ်အတွင်း နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များအား သုတေသနပြုလေ့လာ

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်လျက်ရှိရာ ယခုအခါ ချင်းပြည်နယ်အတွင်း နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်ကို သက်ဆိုင်ရာ သုတေသနပြုလေ့လာလျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာနသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့ Wildlife Conservation Society-WCS) နှင့် စင်ကာပူ အမျိုးသားတက္ကသိုလ်တို့ ပူးပေါင်း၍ ချင်းပြည်နယ်အတွင်းရှိ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီ ဒေသများတွင် နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များအား သုတေသနပြုလုပ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၇ ရက်ထိ ကွင်းဆင်းလေ့လာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသုတေသနအဖွဲ့သည် ပုဂံနှင့် ကန်ပက်လက်မြို့အကြားတွင် ကျေးငှက်အုပ်စု (Parakeet)၊ ငှက်ပန်းထိမ်အုပ်စု (Barbet)နှင့် သာလိကာ(Hill Myna) တို့အား အများဆုံးတွေ့ရှိခဲ့ပြီး ဆောနှင့်ကန်ပက်လက်အကြားရှိ တောခြောက်များတွင် အောက်ချင်းနှင့် ထပ်တယူငှက်မျိုးစိတ်များ၊ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီဒေသများတွင် အအေးပိုင်းငှက်မျိုးစိတ်များ၊ မတူပီမြို့ရှိ ဘုံတလာရေတံခွန်တွင် ပျံလွှားမျိုးစိတ်နှစ်မျိုးရှိသည့်အနက် ရှားပါးမျိုးစိတ်ဖြစ်သည့် Darkrumped Swift Apus acuticauda အား ကောင်းရေရှစ်ကောင်၊ ဝိတိုရိယတောင်ထိပ်သွားလမ်းတွင် ဒေသရင်းမျိုးစိတ်ဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက် နှစ်ကောင်၊ အပူပိုင်းဇုန်တွင်သာ တွေ့ရှိနိုင်သည့် ရှားပါး ငှက်မျိုးစိတ်များဖြစ်သည့် မျက်ကွင်းအဝါရောင်ပါရှိသော ဂျိုးနီပု (Collar Dove)၊ သိမ်းနက်နှင့် တောင်ပေါ်ဒေသများတွင် ရှင်သန်ကျက်စားသည့် သိမ်းငှက်မျိုးစိတ်တို့ကိုပါ ထူးခြားစွာတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း လေ့လာရေးခရီးစဉ်တစ်လျှောက် ငှက်မျိုးစိတ် ၂၅၁ မျိုးအား တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး ငှက်ကောင်ရေ ၅၉ မျိုး၏ သွေးစနမူနာများကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၀၅၆ မျိုးအား မှတ်တမ်းတင်ထားနိုင်ပြီး အရှေ့တောင်အာရှဒေသရှိ ငှက်မျိုးစိတ် ၂၉၀၀ ၏ ၃၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ငှက်မျိုးစိတ် ၉၆၀၀ ၏ ၁၁ ရာခိုင်နှုန်းရှိပြီး အရှေ့တောင်အာရှဒေသတွင် ငှက်မျိုးစိတ်အများဆုံးပိုင်ဆိုင်သော နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အောင်တံခွန်သင်္ဘောမှောက်မှုတွင် ပါဝင်သူများအား ထောက်ပံ့ငွေပေးအပ်



**စစ်တွေ မတ် ၁၈**

မတ် ၁၃ ရက်က ဖြစ်ပွားခဲ့သော အောင်တံခွန် (၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ ပြည်သူများက လှူဒါန်းသော အလှူငွေနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ မတ် ၁၆ ရက်က ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်လာသူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တပ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အောင်တံခွန် (၃) သင်္ဘောတိမ်းမှောက်မှု ဖြစ်စဉ်အကျဉ်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်က အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် ငွေကျပ် သိန်း ၁၅၀ ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက အလှူငွေ ကျပ် ၁၃၀ ဒသမ ၅ သိန်း၊ ကျောက်ဖြူမြို့နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ်သိန်း ၄၅၀၊ ကျောက်ဖြူအများပိုင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ကမ္ဘောဇဘဏ်စစ်တွေဘဏ်ခွဲက ငွေကျပ်သိန်း ၁၀၀၊ ကိုရီးယားကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ အင်းပေါက်ဝကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ငွေကျားကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊အေးငြိမ်းကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ MCM ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ဆုထူးစံကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ပတ္တမြားဒေဝီကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဇေယျာအောင်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ မြင့်မြတ်ဦးကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ Rainbow Foundation က ငွေကျပ်သုံးသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရွှေက ငွေကျပ် တစ်သိန်း၊ ဦးမောင်နု ကျေးပင်ကြီးရပ်ကွက်က ငွေကျပ်သုံးသောင်း၊ အနောက်စံပြရပ်ကွက်မှ ငွေကျပ် ၂၀၆၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်(၃) သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအနက် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အသက်ရှင် လွတ်မြောက်လာသူများအား တစ်ဦးချင်း ထောက်ပံ့ငွေများပေးအပ်ပြီး အသက်ရှင်လွတ်မြောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်ရှင်လွတ်မြောက်လာသူ ဒေသခံပြည်သူများအားသီးခြားတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် စစ်တွေမြို့ကြား ပြေးဆွဲသည့် အောင်တံခွန် (၃)သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် စေတနာရှင်အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ၁၃၈၅ ဒသမ ၀၀၆ သိန်းဖြစ်ပြီး အသက်ရှင်လွတ်မြောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းခွဲစီနှင့် အသက်သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းစီကို ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အသက်ရှင်လွတ်မြောက်လာသူများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

# တူမီးသေနတ် လက်ဝယ်ထားရှိသူအား အရေးယူ

**ကသာ မတ် ၁၈**

ကသာခရိုင် ကသာမြို့နယ် နန့်လှိုင်ကျေးရွာ၌ လက်လုပ်တူးမီးသေနတ်တစ်လက်ကို လက်ဝယ်ထားရှိသူအား မတ် ၁၅ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် နန့်လှိုင်ကျေးရွာနေ ထိန်လင်း (၃၂နှစ်)၏ နေအိမ်သို့ ကသာမြို့မရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်အောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်သေများက သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်ထုပ်တန်းပေါ်မှ အရှည် ၄ ပေခွဲရှိ သစ်သားဒင်တပ် တူးမီးသေနတ်တစ်လက်နှင့် ကျည်အဖြစ် ထည့်သွင်းပစ်ခတ်ရန် ပလတ်စတစ်ဘူးဖြင့်ထည့်ထားသော နားယမ်း ၃၂ ခု၊ ဘောစိများနှင့် ခဲသီး ၁၀၄ လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ကသာမြို့မရဲစခန်းမှ ရဲအုပ်သိန်းနိုင်က အမှုဖွင့်ထားကြောင်း သိရသည်။ **ရဲကို(ကသာ)**

# ကဏန်းမဖမ်းရဇုန်အတွင်း ကဏန်းမျိုးစိုက်ထည့်

**လပွတ္တာ မတ် ၁၈**

လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း ကဏန်းမျိုးထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် လွှဇာကျေးရွာအုပ်စု ကြာကန်-ကွင်းပေါက် သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၀) ဧက ၃၀၀ ၌ မတ် ၁၅ ရက်က ကဏန်းမျိုးများစိုက်ထည့်ခဲ့ပြီး ကဏန်းမဖမ်းရန် အသိပညာပေးဆိုင်းဘုတ်များလည်း စိုက်ထူခဲ့ကြောင်း သိရသည်။

ကဏန်းမျိုးစိုက်ထည့်ရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်း၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်တင်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ပြင်စလူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ ပြင်စလူ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများမှ ဝန်ထမ်းများ၊ ကဏန်းအဝယ်ဒိုင်လုပ်ငန်းရှင်များ၊ ကဏန်းပျော့မွေးကန် လုပ်ငန်းရှင်များ၊ ဒေသခံရေလုပ်သားများက ဒေသပေါက်ဈေး ငွေကျပ်၁၀ သိန်းရှိ ကဏန်းကောင်ရေ ၃၆၀၀ ကို မျိုးစိုက်ထည့်ခဲ့ကာ ကဏန်းမဖမ်းရန် အသိပညာပေးဆိုင်းဘုတ်များကိုလည်း အသစ်ပြန်လည်စိုက်ထူခဲ့သည်။

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံ ရေလုပ်သားများအား ကဏန်းမျိုးစိုက်ထည့်ခြင်း၊ ဒီရေတောများထိန်းသိမ်းခြင်းနှင့် ကဏန်းမဖမ်းရဇုန်အကြောင်း အသိပညာပေး စည်းရုံးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကာ ဒီရေတောနှင့် ကဏန်းမဖမ်းရဇုန်(Protective Area) ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဆိုလာစနစ်ဖြင့် ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးရရှိ

**ပန်းတနော် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျုံတုံးလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။



မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၁၆ ရက်က ကျေးရွာယာယီမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းထွန်း၊ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် စည်ပင်သာယာရေး ဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇေယျာနိုင်က ဆိုလာလျှပ်စစ်မီး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တလိုင်းစုကျေးရွာမီးလင်းရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့သော ပန်းကမ္ဘာမြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်အောင်ကျော်က ဆိုလာမီးလင်းရေးအတွက် အသုံးပြုသော ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက် အသုံးပြုနည်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

တလိုင်းစုကျေးရွာသည် ပန်းတနော်မြို့ အနောက်ဘက် ၁၀ မိုင်ခန့်ကွာဝေးသည့် ပုသိမ်-ရန်ကုန် အဝေးပြေး ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး အိမ်ခြေ ၇၄ လုံး၊ လူဦးရေ ၄၀၀ ဝန်းကျင်ရှိသည်။ တလိုင်းစုကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၀၆ သန်းဖြင့် တင်ဒါအောင်မြင်သော ပန်းကမ္ဘာမြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပန်းတနော်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၀ ဒသမ ၈၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ကျုံတုံးကြီး(ရွာမ)ကျေးရွာတွင် အိမ်ခြေ ၁၄၀၊ ထိမ်ကွင်းကျေးရွာတွင် ၁၁၂ လုံး၊ အောက်စုကျေးရွာတွင် ၁၈၃ လုံး၊ ယင်းယိုကျေးရွာတွင် အိမ်ခြေ ၂၁၀၊ ကျောင်းဆိပ်ကျေးရွာတွင် ၁၀၄ လုံးအတွက် ဆိုလာတပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကာ မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

# ကျေးလက်ဒေသ အခြေခံမွေးမြူရေးသင်တန်းဖွင့်

**ဂန့်ဂေါ မတ် ၁၈**

ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများပိုမိုအောင်မြင်တိုးတက်စေရန်နှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာများကို ကြိုတင်သိရှိကာကွယ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဂန့်ဂေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသ အခြေခံမွေးမြူရေး လုပ်သားသင်တန်း(၁/၂၀၁၅) ကို ဂန့်ဂေါခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ မတ် ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဆွေက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ဂန့်ဂေါမြို့နယ်အတွင်းကျေးရွာများမှ သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၇ ရက်ထိဖြစ်ကြောင်း သိရသည်။ **စိန်ကျော်(ဝါးဘိုးချောင်)**

# မီးဘေးကာကွယ်ရန် အရေးပေါ် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**လောင်းလုံး မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ မတ် ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လောင်းလုံးမြို့နယ်အတွင်းရှိ သကျက်တောကျေးရွာ၊ သပြေရှောင်ကျေးရွာ၊ ကြက်ယက်တွင်းကျေးရွာနှင့် ရေဖြူကျေးရွာများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရရှိထားသော အပေါ့စားရေစုပ်စက်များဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးဝင်းမြင့်နှင့်အဖွဲ့က သင်ကြားပြသပေးခဲ့ခြင်းဖြစ်သည်။

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်ရာ လောင်းလုံးမြို့နယ်မှ ပြည်သူများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အပေါ့စားမီးသတ်စက်များ ထောက်ပံ့ပေးအပ်ခြင်း၊ မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ မီးဘေးကာကွယ်ရေးပညာပေးခြင်းများကို ဆောင်ရွက်နေသည့်အပြင် လောင်းလုံးမြို့နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကမြောကင်းကျေးရွာနှင့် မောင်းမကန်ကျေးရွာတို့တွင် မီးသတ်ရေကန် တစ်ကန်စီကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အလုပ်သမားအရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး



**ထားဝယ် မတ် ၁၈**

လုပ်ငန်းခွင်များတွင် အန္တရာယ်ကင်းရှင်းရန်၊ တိုးတက်ကောင်းမွန်ပြီး အလုပ်သမားဥပဒေပါအခွင့်အရေးများရရှိသည့် လုပ်ငန်းခွင်များဖြစ်ရန်နှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးတက်စေရန် ရည်ရွယ်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စီစဉ်သည့် အလုပ်သမားရေးရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ မတ် ၁၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသိန်းလွင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးခုံသမာဓိ အဖွဲ့ဝင်များ၊ မြို့နယ်အလုပ်သမားရေးရာ အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက လုပ်ငန်းခွင်များအတွင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်၊ ကုန်ထုတ်စွမ်းအား တိုးမြှင့်စေရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာစွာ လုပ်ကိုင်နိုင်စေရန်အတွက် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသော အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနများအနေဖြင့် ပိုမိုတိုးတက် ကောင်းမွန်သော လုပ်ငန်းခွင်များဖြစ်ရန်၊ အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိသည့်လုပ်ငန်းခွင်များဖြစ်ရန် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ကြပြီး လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ဝိုင်းဝန်းတည်ဆောက်ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

> အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိသည့် လုပ်ငန်းခွင်များဖြစ်ရန် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်. . .

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ တည်ဆဲဥပဒေများ၊ ဥပဒေအရ အလုပ်သမားခံစားခွင့်ရှိသော အခွင့်အရေးများအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမားများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းအခြေအနေများ ကွင်းဆင်းကြည့်ရှု

**ကျောက်ပန်းတောင်း မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများ၌ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို တာဝန်ရှိသူများ မတ် ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ရှိန်၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် ကြက်ပြစ်ကျေးရွာအုပ်စု ကြက်ပြစ်ကျေးရွာ၌ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၇ ဒသမ ၈၈၀ သန်းဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ဆောင်ရွက်နေသော အလျားပေ ၁၀၀၀၊ အနံပေ ၁၀၀ နှင့် အမြင့် ၆ ပေရှိ ဂါလန် ၃၇၅၀၀ ဆံ့ မြေသားရေလှောင်ကန်တူးဖော်ပြီးစီးမှုအခြေအနေကို ကြည့်ရှုခဲ့ကာ ရေလှောင်ကန်တူးဖော်မှုလုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်သဖြင့် လာမည့်မိုးရာသီ ရေဝင်ရောက်ချိန်မှစ၍ အနီးဝန်းကျင်ကျေးရွာများအတွက် သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော ပြိစင်အင်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းစာရင်းဇယားများ စနစ်တကျထိန်းသိမ်းပြုစုထားရှိရန်နှင့် ချေးငွေများကို အချိန်နှင့်တစ်ပြေးညီပြန်လည်ပေးဆပ်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ တိရစ္ဆာန်များတွင် ထူးခြားရောဂါဖြစ်ပွားမှုတွေ့ရှိပါက လိုအပ်သည့် ကာကွယ်ကုသမှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ထားရန် မှာကြားခဲ့သည်။

**နေအောင်(iprd)**

# မြူနှင်းထူထပ်၍ မြင်ကွင်းပိတ်ဆို့သဖြင့် ရေယာဉ်များဝင်ထွက်ချိန် နောက်ကျ

**မော်ကျွန်း မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မတ် ၁၇ ရက် နံနက် ၄ နာရီခန့်မှစ၍ မြူနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး နံနက် ၅ နာရီခွဲခန့်တွင် နှင်းမိုးများကျဆင်းခဲ့သဖြင့် မော်ကျွန်းဆိပ်ကမ်း၌ ရေယာဉ်များ ဝင်ထွက်နိုင်ခြင်းမရှိဘဲ အချိန်နောက်ကျခဲ့ကြောင်း သိရသည်။

"မတ်လထဲမှာ ဒီနေ့ဟာ နှင်းအထူဆုံးကျတဲ့နေ့ပဲ။ မြို့ပေါ်လမ်းမတွေမှာ ပေ ၄၀ လောက်အကွာအဝေးက ကားနဲ့ လူတွေကို မမြင်ရဘူး။ လူသွားလူလာလည်း နည်းသွားတယ်။ မနက် ၆ နာရီခွဲကျော်လောက်မှ နှင်းကျတာလျော့သွားလို့ လူတွေပုံမှန်သွားလာနိုင်တယ်"ဟု မော်ကျွန်းမြို့ အမှတ်(၉)ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ယခင်ရက်များတွင် ရန်ကုန်မှ မော်ကျွန်းမြို့သို့ ပြေးဆွဲသော ရေယာဉ်ကြီးများသည် မော်ကျွန်းမြို့သို့ နံနက် ၄ နာရီမှ ၅ နာရီကြားတွင် ပုံမှန်ဝင်ရောက်ဆိုက်ကပ်ကြသော်လည်း မတ် ၁၇ ရက်တွင် မြူနှင်းထူထပ်မှုကြောင့် နံနက် ၈ နာရီခွဲကျော်မှသာ ဆိုက်ကပ်ကြရကြောင်း၊ မော်ကျွန်းမြို့မှ မြို့နယ်အတွင်း ကျေးရွာများသို့ သွားသော ရေယာဉ်ငယ်များသည်လည်း နံနက် ၇ နာရီခန့်တွင် ပုံမှန်ထွက်ရာမှ အချိန်နောက်ကျထွက်ခွာကြရကြောင်း သိရသည်။

မြို့တောင်ဘက် တုံးလှဲချောင်းမြစ်နှင့် မြို့အရှေ့ဘက် ကွမ်းခြံချောင်းမြစ်များတွင်လည်း နံနက် ၇ နာရီကျော်သည်အထိ နှင်းများထူထပ်စွာကျဆင်းနေသဖြင့် မြင်ကွင်းမရှင်းဘဲ ရေယာဉ်များ မထွက်ခွာနိုင်ကြောင်း ကမ်းနားပိုင်း မြို့မ(၇) ရပ်ကွက်တွင် နေသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မော်ကျွန်းမြင့်အောင်**



## မသန်စွမ်းသူများအား ကူညီထောက်ပံ့ရေး ဟောပြောပွဲနှင့် ဆွေးနွေးပွဲကျင်းပ

**ချောင်းဆုံ မတ် ၁၈**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချောင်းဆုံမြို့နယ် မသန်စွမ်းအရင်းအမြစ်ဌာနတို့ပူးပေါင်း၍ မသန်စွမ်းသူများအား ကူညီထောက်ပံ့ရေးနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို ချောင်းဆုံအရှေ့ပိုင်းရပ်ကွက် ခရစ်ယာန်ဝင်းအတွင်းရှိ မသန်စွမ်းအရင်းမြစ်ဌာန၌ မတ် ၁၆ ရက်က ကျင်းပသည်။

ဟောပြောပွဲသို့ အနာကြီးရောဂါကူညီစောင့်ရှောက်ရေးအသင်းရန်ကုန်(ရုံးချုပ်)မှ ဒေါက်တာကေခိုင်ဝင်း၊ မြို့နယ်မသန်စွမ်းအရင်းမြစ်ဌာန တာဝန်ခံ ဒေါ်ဘွေထူးနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ကြပြီး ဟောပြောပွဲတွင် ဒေါက်တာကေခိုင်ဝင်းက အနာကြီးရောဂါနှင့် ဝေဒနာရှင်များအကြောင်း၊ မသန်စွမ်းမှုအမျိုးအစားများ၊ မသန်စွမ်းသူများအား ကူညီထောက်ပံ့သည့် နည်းလမ်းများအကြောင်းကို ဟောပြောခဲ့ပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးသည်။ ပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ထူးအိမ်(iprd)**

## သတင်းတို

### အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများထောက်ပံ့

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ထောက်ပံ့ပေးပို့သည့် မီးသတ်ဝတ်စုံများကို ဆောမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ထပ်ဆင့်ထောက်ပံ့ပေးအပ်ပွဲကို ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ မတ် ၁၅ ရက်က ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးကျော်မင်းသန်းက ရပ်ကွက် /ကျေးရွာ ၆၈ ခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံ ၁၃၃၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်း

**ပန်းတနော် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာ နှစ်ရွာအတွက် စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ကျေးရွာပြည်သူများ၏ ဆန္ဒမဲဖြင့် မတ် ၁၄ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပန်းတနော်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ၁၈ ရွာ၌ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာတစ်ရွာချင်းအလိုက် ရရှိသော စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို စီမံခန့်ခွဲရန်အတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီက ကျေးရွာတစ်ရွာချင်းသို့ ကွင်းဆင်း၍ ကျေးရွာနေပြည်သူများရွေးချယ်သော ဆန္ဒမဲအတိုင်း ဖွဲ့စည်းပေးခဲ့ရာ ၁၆ ရွာတွင် ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ကျေးရွာနှစ်ရွာဖြစ်သည့် ချောင်းကလေးကျေးရွာနှင့် ရင်းဖားသိမ်ကုန်းကျေးရွာများအတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကိုလည်း ပြည်သူများရွေးချယ်သည့်အတိုင်း ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ဖွဲ့စည်းပြီးနောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာနိုင်နှင့်အဖွဲ့ဝင်များက စီမံကိန်းအကောင်အထည်ဖော်ရေး စည်းကမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုစည်းကမ်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

ကြော်ငြာ




# မြန်မာနိုင်ငံလူနေမှုအဆင့်အတန်းအား နိုင်ငံတကာစံချိန်စံညွှန်းနှင့် ချိတ်ဆက်ခြင်း။

GOLDEN CITYမှ အာရှတိုက်တွင် အမြင့်ဆုံးသော "GREEN ASIA HABITAT AWARDS" ဆုကို ရရှိခဲ့သည်။

## အာရှတိုက်၏အမြင့်ဆုံးသော လူနေမှုဆု "Green Asia Habitat Awards"

"Green Asia Habitat Awards"သည် ယနေ့တိုင် အာရှတိုက်တွင် ပြဲ့ကာ အကြီးဆုံး၊ အဆင့်အတန်းအမြင့်ဆုံးသောအိမ်၊ မြို့ မြေ ဆိုင်ရာဆုတံဆိပ်ဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း ၊ အာရှပစိဖိတ်ဆိုင်ရာ လူနေထိုင်မှုဌာန၏ ညွှန်ကြားချက်လက်အောက် ဖြစ်သော အာရှတွင်ပြဲ့ကာအရှိဆုံးပညာရေးအဖွဲ့အစည်း ဖြစ်သည့် "Asia HS" နှင့် ပူးပေါင်းလက်တွဲကာ အာရှပစိဖိတ်ဒေသတွင် ကိုယ်စားပြုနိုင်သော လူနေမှုပတ်ဝန်းကျင် စီးလန်းစိုပြေစေရန်နှင့် ဖွံ့ဖြိုးတိုးတက် စေရန် စံပြအဖြစ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၎င်းဆုတံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဓိကအားဖြင့် ၎င်းဆုတံဆိပ်သည် အစိမ်းရောင်ဂေဟပတ်ဝန်းကျင်၊ ကာဗွန်နိုင်အောက်ဆိုဒ်နည်းစွာ အသုံးပြုနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းစသည့် ကဏ္ဍတို့တွင်ထူးချွန်စွာအကျိုးပြုနိုင်သည့် မြို့၊ ရပ်ကွက်၊ လူမှုရှိုက်များကိုချီးမြှင့်ပေးသည်။ ၎င်းအဖွဲ့အစည်းသည် အာရှပစိဖိတ်ဒေသတွင်ရှိသော မြို့ပြစီမံကိန်းများနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင်လူနေမှုပတ်ဝန်းကျင်အား အစဉ်အဆက်မပြတ်တိုးတက်မှုများကို ဆက်လက်ဆောက်ရွက်၍ သုတေသနပြုလုပ်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆု ဆွတ်ခူးရရှိခဲ့သည့် စီမံကိန်းဖြစ်သော GOLDEN CITY သည် မြန်မာနိုင်ငံမြို့ပြနေထိုင်မှုနှင့် လူနေမှုပတ်ဝန်းကျင်၊ လူနေမှုအဆင့်အတန်းအား ရှေ့သို့လှမ်းရီကာ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အား စီးလန်းစိုပြေခြင်း၊ဂေဟစနစ်ရရှိခြင်း၊ ကျန်းမာခြင်း၊အဆက်မပြတ်တိုးတက် နိုင်ခြင်းတို့ အပေါ် အလေးထား၍ဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်ပေးပါသည်။





## မြန်မာနိုင်ငံ၏ ပထမဆုံးသော အသိအမှတ်ပြုခံရသည့် စီမံကိန်း GOLDEN CITY သည် နိုင်ငံတကာစံချိန်စံညွှန်းနှင့် တပြေးညီ ဖြစ်ခြင်း။

GOLDEN CITYသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အဆင့်မြင့်အိမ်ရာ၊ ဈေးဝယ် စင်တာ၊ ဟိုတယ်တိုက်ခန်းများ၊ စီးပွားဆိုင်ရာရုံးခန်းများစသည်တို့ အားလုံးပါဝင်သော မြို့ပြအမှတ်အသား အထင်ကရအဆောက်အအုံဖြစ်ကာ မြန်မာနိုင်ငံတွင် ကိုယ်စားပြုသော နိုင်ငံတကာအဆင့်မီနေထိုင်မှုအဆောက်အအုံ ဖြစ်ပါသည်။ ယခုချိန်တွင် ကုလသမဂ္ဂလူမှုနေထိုင်ရေးဌာန၏ စစ်ဆေးအကဲဖြတ်စံညွှန်း (၁၅)ချက်ကို အောင်မြင်ပြီး "Green Asia Habitat Awards"ဆုကို ဆွတ်ခူးရရှိခဲ့ကာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အကြီးဆုံးသောအဖွဲ့အစည်းက အသိအမှတ်ပြုခြင်းခံရသော လူနေထိုင် မှုစီမံကိန်းကြီးလည်းဖြစ်ခဲ့သည်။ GOLDEN CITY သည် နိုင်ငံတကာအဆင့်မီ လူနေထိုင်မှု၏ အဆင့်မြင့်အရည်အသွေးကို တဖန်သက်သေပြနိုင်ခဲ့သည်။

GOLDEN CITYသည် ယခုအကြိမ်ဆုတံဆိပ်ရရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံရှိ မြို့ပြလူနေထိုင်မှုတိုးတက်ရေးအပေါ် ထွန်းအားအသစ်ပေးစွမ်းခဲ့သည်။ ဤသည်ကား မြန်မာနိုင်ငံသည် နိုင်ငံတကာ အဆင့်မီနေထိုင်မှုအဆင့်သို့ ရောက်ရှိနေပြီဟု ဖော်ပြနေခြင်းဖြစ်ကာ GOLDEN CITY၏အရည်အသွေးကိုထပ်မံ၍ ကျွမ်းကျင်မှုဆိုင်ရာအသိအမှတ် ပြုလိုက်ခြင်းလည်းဖြစ်သည်။စီမံကိန်းသည် အင်းယားကန်၊ ရွှေတိဂုံစေတီ နှင့် ကပ်လျှက်တည်ရှိပြီး ဧလဆိပ်မှ ကားဖြင့်လာပါက (၁၅)မိနစ် သာကြာသည်။ အများတကာထက်သာလွန်သော ပထဂီအနေအထားရှိခြင်း၊ ရန်ကုန်မြို့၌ အမြင့်ပေ (၃၆၈) ရှိသော အဆောက်အအုံပိုင်ဆိုင်ခြင်း၊ စီမံကိန်းအတွင်းပိုင်းတွင် ရန်ကုန်မြို့၏ ပထမဦးဆုံးသော ၂.၅ ဧကရှိသော ပန်းခြံဥယျာဉ်တည်ဆောက်ထားခြင်း၊အာရှတိုက်ရှိ နာမည်ကြီး ဝိမ်ခံအမှတ်တံဆိပ်အရောင်းဆိုင် Reebonz ထားရှိခြင်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အဆင့်မြင့်ကလပ်ကို ဖန်တီးပေးခြင်း၊ အမေရိကန်ရှိ Colliers International အား စီမံကိန်းအကြံပေးအဖြစ် ဖိတ်ခေါ်ထားခြင်း စသည့် ကဏ္ဍ(၂၀)ခုပါဝင်သော နိုင်ငံတကာလူနေထိုင်မှု စံချိန်စံညွှန်းများရှိကာ မြန်မာနိုင်ငံအား နိုင်ငံတကာ အဆင့်မီဂေဟနေထိုင်မှုစနစ်ကို ဖန်တီးပေး မည်။



## ဆုရရှိမှုအတွက် ဂုဏ်ယူပမ်းမြောက်ခြင်း။ GOLDEN CITY Phase 2 မှာ မြန်မာနိုင်ငံတွင် ထွက်ပေါ်လာခြင်း။

GOLDEN CITY Phase 2 တွင် အသစ်တီထွင်ထားသော အိမ်ခန်းအကျယ်အဝန်း၊ ရှုခင်းမြင်ကွင်း စသည့်အပိုင်းများကို မြှင့်တင်ထားသည်။ အသိအမှတ်ပြုသည့်ကာလတွင် မတူထူးခြားဆန်းပြားမှုများရှိသည်။ GOLDEN CITY Phase 2 တွင် 517 sq.ft.(1 Bedroom)၊ 760-986 sq.ft.(2 Bedrooms)၊ 1,291-1,499 sq.ft. (3,4 Bedrooms) ပါဝင်သော အခန်းပုံစံများ၊ ခေတ်နှင့်အညီ တီထွင်ပြုလုပ်ထားသော အခန်းပုံစံမျိုးစုံနှင့် အထပ်မြင့်ဇိမ်ခံ Penthouse များရှိသည်။ဈေးနှုန်းကွာဟချက်များမှာ $130,000—$330,000 ရှိသည်။ မြင့်မားသော ဈေးနှုန်းနိုင်းယှဉ်ချက်များရှိသည်။ မြို့ပြနေထိုင်သူများအတွက် အဆင့်တန်းမြင့်မားစေသည့်အပြင် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ကိုယ်ပိုင်နေထိုင်ခြင်းအတွက် အကောင်းဆုံးရွေးချယ်ရာ နေရာလည်းဖြစ်သည်။

GOLDEN CITY မှ ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုရန် GOLDEN CITY အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများ ရွေးချယ်လိုက်သူတိုင်းကို အထူးခံစားခွင့် Promotion များ၊ Show Gallery သို့ လာရောက်ကြည့်ရှုသော ဧည့်သည်များကိုလည်း အထူးလက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်သည်။



**Hotline: +95(0)1-8605111 +95(0)1-8605222**

Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar Website: www.glredcl.com

Developer: Golden Land Real Estate Development Co., Ltd.


အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမည့် ရတနာ • • •
တကမ္ဘာ့စိတ်ကူး၊ တကမ္ဘာ့အဆင့်အတန်းမီ....
ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
DIAMOND
INYA PALACE
Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်
MANDALAY SHOWROOM
Diamond Plaza
Tower (B) : Room No - (B-001), Fouth Floor
HP : + 959 680 1904, 680 1905, 431 43994
diamondinyapalaceyangonmyanmar
YANGON SHOW FLAT & SALES OFFICE
No.2, U Tun Nyein Street, Mayangone Township,
Yangon, Myanmar.
HP : + 959 4200 97992, 4200 97994, 4200 97998
Website : http://www.diamondinyapalace.com

## ကြော်ငြာ

## မင်္ဂလာဦးဆွမ်းကပ်ပြုလုပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ ပြည်လမ်း၊ အမှတ် (၂၉)၊ တိလောကရပ်ကွက်နေ ဦးမြသိန်း-ဒေါ်စိန်တင်တို့၏သား

**ဗိုလ်ကြီးသန့်ဇော်ဦး**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ၄ဝါလမ်း၊ အမှတ် (၁၂၃)၊ မကျည်းတန်းရပ်ကွက်နေ ဦးကျော်စိန်-ဒေါ်စန်းမြင့်တို့၏တစ်ဦးတည်းသောသမီး

**မအေးအေး**

တို့သည် ၁၈-၃-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဲခူးမြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၌ မင်္ဂလာဦးဆွမ်းကပ်ပြုလုပ်ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးသန့်ဇော်ဦး-မအေးအေး**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၉-၃-၂၀၁၅ ရက်တွင် ကျရောက်သော ချစ်ဇနီး ဒေါ်သဲမို့မို့၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ၍ ချစ်သောခင်ပွန်း၊ သမီး၊ သားတို့နှင့်အတူ အေးချမ်းသာယာသောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်ခင်ပွန်း - ဒုတိယဗိုလ်မှူးကြီး နီတူးအောင်**
**ချစ်သမီး - မရှင်းမြတ်နိုး**
**ချစ်သား - မောင်ရှင်းသန့်ကိုကို**




## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း ၃၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် ၁၄၆၂၊ အကျယ်အဝန်း (ပေ၄၀×ပေ၆၀) ဧရိယာ ဝဒသမ ဝ၅၅ ဧကရှိ နှစ်၃၀ ဂရန်မြေကွက်အား လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဦးကျော်သူအောင် ၁၂/ဥကတ(နိုင်)၀၃၆၉၁၀ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းဖြူ**
**အမှတ် ၁၅၄၊ ၁၈လမ်း၊ ပေါင်းလောင်း ၃၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၃၁၁၉၅၁၅၅**

## ခြံအမြန်ရောင်းမည်

ရန်ကုန်မြို့၊ အမှတ် (၃) လမ်းမကြီးအနီး မင်္ဂလာဒုံမြို့နယ် ရွှေနှံ့သာ(ဘားလား) မြေ(၁)ဧကေအဆောက်အအုံပါ၊ မီတာပါ ခြံခတ်ပြီးပါမစ်မြေလုပ်ငန်းလုပ်ပိုင်ခွင့် လက်မှတ်ကျပြီး ပိုင်ရှင်အမည်ပေါက်။ ရောင်းဈေး ကျပ် ၁၂၅၀ သိန်း။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၅၈၁၄၊ ၀၉-၉၇၁၉၇၇၃၇၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၁၄၊ ဦးပိုင်အမှတ် ၅၈/ခ၊ ၅၈လမ်း×၅၉လမ်းကြား၊ သမိန်ဗရမ်း×ဗညားဒလလမ်းကြားရှိ ဦးမြလွင်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးဌေးဝင်း ၉/မနမ(နိုင်)၀၉၈၃၉၈ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Y2၊ မြေကွက်အမှတ် V 97၊ မြေကွက်တည်နေရာအမှတ် ၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ Tavoy Union Association အမည်ပေါက် နှစ် ၉၀ဂရန်သက်ကုန်မြေအား ထားဝယ်အသင်းကိုယ်စား အသင်းဥက္ကဋ္ဌ ဦးခင်စိုး ၆/လလန(နိုင်)၀၅၃၁၁၉ မှ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ၂၉-၁၁-၂၀၁၃ရက်စွဲပါ ၃၁-၁၂-၂၀၁၈ရက်အထိ သက်တမ်းရှိသော ထားဝယ်အသင်း(ရန်ကုန်)အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ်အမှတ် ၁၀၂၃၊ ထားဝယ်အသင်း စည်းမျဉ်းစည်းကမ်းများ၊ ထားဝယ်အသင်း၏ ၁၀-၈-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သည့် အမှုဆောင်ကော်မတီ လပတ်ပုံမှန်အစည်းအဝေးမှတ်တမ်း (၈/၂၀၁၃)၊ ထားဝယ်အသင်းအမှုဆောင်ကော်မတီစာရင်း၊ ထားဝယ်အသင်း၏ ၁၀-၁၀-၂၀၁၄ ရက်စွဲပါ ထားဝယ်သမဂ္ဂ (Tavoy Union Association) မှ ထားဝယ်အသင်း(Dawei Association)သို့ ပြောင်းလဲလာပုံရှင်းလင်းချက်၊ ထားဝယ်အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးနှစ်ဦးတို့၏ ၄-၂-၂၀၁၅ရက်စွဲပါ ထားဝယ်အသင်း (ရန်ကုန်)သည် ထားဝယ်သမဂ္ဂ(Tavoy Union Association)မှ ဆင်းသက်လာသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာနှင့် မြေဂရန်တို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာခြင်းမရှိပါက ဂရန်သက်တမ်းတိုးလျှောက်ထားမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှတ် (O-233)၊ တခိုင်လုံးရွှေသစ်ခွလမ်း၊ F.M.I City (ပဒေသာပင်မြို့တော်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်ကို ဝယ်တော့မည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် FMI အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၃၅၉၊ ဧရိယာ ၀ ဒသမ ၁၄၇ဧကရှိ နှစ် ၆၀မြေငှားစာချုပ်အမျိုးအစားမြေနှင့် အိမ်ဖြစ်သော အထက်လိပ်စာပါပစ္စည်းတို့ကို ဦးမြသိန်း (ဘ-ဦးမောင်ကြည်) ၁၂/ကမတ(နိုင်)၀၃၆၀၂၃ က မြို့မြေစာရင်းတွင် အမည်ပေါက်ပါသည်။

အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူထားသူ ဒေါ်ချောချော (ဘ-ဦးအောင်မြင့်) ၁၂/ကမတ(နိုင်)၀၆၃၉၂၉ ထံမှ အထက်ပါမြေနှင့်အိမ်ကို ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ပြုသည့်ပစ္စည်းများတွင် ပိုင်ရေးပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဦးဇော်မင်းစိန် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ရုံးဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ လက်ကိုင်ဖုန်း-၀၉-၅၁၇၅၁၁၇**

## အများသိစေရန် အသိပေးကြေညာခြင်း

[illegible]

(LL.B)

[illegible]



ကြော်ငြာ

## ရန်အောင်ချမ်းသာဘုရားကြီးနေပြည်တော်



(၃) ဓာတုတော်တိုက်တော်ကို ကျင်း ၂၀၀၀/-ကျပ်
(၄) သိတာနိုင်ငံ တစ်ကျင်း ၆၀၀,၀၀၀/-ကျပ်
(၅) ဒီဝင်းနိုင် တစ်ကျင်း ၅၀၀၀/- ကျပ်
(၆) ကျွန်းကန်ရှိ တစ်ကျင်း ၅၅,၀၀၀/- ကျပ်
(၇) သိတာဝိနိုင်ငံ ၄၀,၀၀၀/-ကျပ်

## အဌကထာကြေးပိဋကတ်တော်လှူဒါန်းနေပါသည်
## ဇာတကဋ္ဌကထာကြေးပိဋကတ်တော် အလှူရှင်များ-



ဆက်သွယ်လှူဒါန်းရာဌာန-
မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊
ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းဟော့ပေါ့ရှေ့)၊ ကြားတောရရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆၊ ၀၉-၄၉၃၁၆၂၁၃

ရန်ကုန်မြို့၊ ကန်တော်ကြီး၊ ရွှေမဥ္ဇူဝတ်အဖွဲ့မှ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝင်း၊ ဒေါ်စန်းစန်းမြင့်မိသားစု၊ ဒေါက်တာကျော်စိုးဝင်း- ဒေါက်တာတင်နှင်းသူ၊ ဦးလှငွေး- ဒေါ်လှလှစိန်၊ ဦးအေးကျော်-ဒေါ်ခင်ခင်ခိုင်ထွန်း၊ ဦးသိန်းဝင်း- ဒေါ်ဖြူဖြူအေး၊ ဦးခင်မောင်လင်း- ဒေါ်ခင်အေးချို၊ ဦးသိန်းမြင့်- ဒေါ်ခင်အေးရီ၊ ဒေါ်နှင်းနှင်းအေးမိသားစု၊ ဦးကိုကြီးမိသားစု၊ ကိုအားပေါက်-မအားလီ၊ ဦးဇော်မင်းသင်- မဝေသူအောင်၊ ဦးဝေလင်း-ဒေါ်နီနီဝင်း၊ ဦးရန်အောင်- ဒေါ်ခင်ဖြူထွေး၊ ဦးမောင်မောင်မြင့်- ဒေါ်အေးအေး၊ ဒေါ်နန်းပိပိမိသားစု၊ ဒေါ်ကျင်ကျင်နွယ်မိသားစု၊ ဦးစောသိန်း-ဒေါ်မြသီတာတို့မှ ကြေးပြား ၁၈ချပ်၊ တန်ဖိုးငွေ ၄၆၈၀၀၀/ကို ဆရာတော်ထံ လာရောက်လှူဒါန်းသွားကြပါသည်။

## က·ပ·စ တပ်ဖွဲ့အငြိမ်းစားများငွေလှူဒါန်းခြင်း

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်သားများအတွက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့(အငြိမ်းစား) စစ်မှုထမ်းဟောင်းများက အလှူငွေကျပ် ၅ သိန်းပေးအပ်လှူဒါန်းခဲ့ပါသည်။

**က·ပ·စ တပ်ဖွဲ့အငြိမ်းစားများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/4811 Swon Htet L/T(1) Ton, P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၂/ဒဂတ(နိုင်)၀၂၂၀၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**


TMR 006583 (0115)

**လှိုင်မြင့်အောင်**

ISO 9001:2008 နှင့် GMP

FAME **Biogurt®**
Probiotic supplement
ဇီနီချဉ်ဆေး
TMR 011383 (0115)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Vegeplex®**
Vegetable complex
မှက်စုံအားဖြည့်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**GOLDEN RICH TRAVELS**

| | | |
|---|---|---|
| [illegible] | 300000 | Apl 11 |
| [illegible] | 200000 | Apl 11 |
| [illegible] | 150000 | Apl 11 |

09-250366279,09-31062083,09-791697411,09400011689

**ရောင်းမည်**
A/C
Car Parking
Ph: 09-5385379

L/C, TT,
Section A : 21 - 3 - 2015
Section B : 24 - 3 - 2015


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နှစ်ထပ်တိုက်ခံအိမ်
ဂရန်အမည်ပေါက် (ပေ၄၀×ပေ၆၀)
ရေ၊ မီး၊ စုံ(အရှုပ်အရှင်းကင်းသည်)
ပျဉ်းကတိုးလမ်း၊ ၃၄ရပ်ကွက်(သစ်တော)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။
**ဖုန်း-၀၉-၂၆၁၆၃၅၆၆၃၊**
**၀၉-၂၆၁၆၃၅၆၆၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်ကြီးပွားရေး(လုံးချင်း)၊ လူနေရပ်ကွက်အမှတ်(ကြီးပွားရေး)၊ မြေကွက်အမှတ် ၁၁၁၊ ဧရိယာ ၃၆၀၀ စ/ပေ နှစ်၆၀ ဂရန်မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလဂရန်အမည်ပေါက် ဒေါ်ဖြူဖြူတင် ၁၂/ဗဟန(နိုင်)၀၇၉၇၀၆ ၏ ပြန်လည်မရုပ်သိမ်းနိုင်သောအထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၁၀/၂၀၁၅ကို လက်ခံရယူပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဆန်နီသန်း ၁၂/လသန(နိုင်)၀၀၁၅၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည်ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၆၇)**
**အမှတ်၁၇၆(က)၊ ဗဟိုလမ်း၊ (၁က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ဖုန်း-၀၉-၅၄၁၂၅၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၉၄၆၄ Nissan Diesel, Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၅/ယမပ(နိုင်)၀၆၈၂၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၃၄၅၂ Shwe Min Thar Truck (1) Ton, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရွှေလုံး ၅/မရန(နိုင်)၁၂၁၀၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**


**"UK UNIVERSITIES ADMISSION FAIR"**

.University of Sheffield .University of Sussex .University of Leeds .University of Leicester .University of Strathclyde
.University of Surrey .University of Glasgow .University of Liverpool .City University London

CROWN EDUCATION Yangon Myanmar

31st Mar 2015
10:00 am - 1:00 pm
PARKROYAL HOTEL
Yadanar Room (2) & (3)

GCE 'A' Level Scholarship up to 70%

Tel : 09 50 85 185 - 099 75 0000 90, 09 730 40 688

## ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်ခင်နွဲ့

**အသက်(၈၄)နှစ်**

ရဲမှူးချုပ်စိုးမြိုင် (ဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)-ဒေါ်ခင်သန်းညွန့်တို့၏မိခင် ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲချုပ်နှင့်ဇနီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်နွဲ့

**အသက်(၈၄)နှစ်**

ရဲမှူးချုပ် စိုးမြိုင် - ဒေါ်ခင်သန်းညွန့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၀)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်နွဲ့

**အသက်(၈၄)နှစ်**

Australia နိုင်ငံနေ ဦးတင်နိုင်၏မိခင် ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**မထိုက်စုစုလွင်**
**သား - စည်သူထက်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်နွဲ့

**အသက်(၈၄)နှစ်**

ဘွားဘွားကြီး ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြေး-မစုလဲ့နန္ဒာ**
**မြေး-မင်းသန့်ကျော်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်နွဲ့

**အသက်(၈၄)နှစ်**

အမေကြီး ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးစိန်ထူး-ဒေါ်မြတ်စုဟန်**
**နှင့် မြေးမြစ်များ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးရာဇာမင်းထွန်း (ဒုတပ်မှူး၊ ခေတ္တတပ်မှူး) အလသဗ(၂၈)သည် ၁၆-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် လောက်ကိုင်၌ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**အလုပ်သင်ဗိုလ်လောင်းအပတ်စဉ်(၂၈)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### လျောင်ကျင်ဟိန်း(ခ)ဦးကျင်ဟင်း (ပုသိမ်)

**အသက်(၈၂)နှစ်**

ပုသိမ်မြို့၊ တဂေါင်းဘုရားလမ်း၊ အမှတ် ၆နေ (ဦးလစ်ရာ-ဒေါ်ရှမ်းမား)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ် ၅၈(ခ) မြေညီနေ [ပေကျင်တီ(ခ)ဒေါ်အတီ]၏ခင်ပွန်း၊ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ခင်မိမိအေး၊ ဦးသိန်းတင်-ဒေါ်ရီရီချို၊ ဦးငြိမ်းလွင်(ခ)အငယ်၊ Mr.Hendry-ဒေါ်မြင့်မြင့်အေး(ခ)မေဟွား၊ ဦးအောင်ဇော်ထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ စက်တွင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---


### သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်နော်မာရီးယား(ခ)ဒေါ်ငယ်

**အသက်(၁၀၇)နှစ်**

ကရင်ဝန်ထမ်းဟောင်း မိသားစုလူမှုရေးအသင်း၊ ရန်ကုန်၏ဘဏ္ဍာရေးမှူးဖြစ်သော ဒေါ်နော်အယ်ဖော(ဒုညွှန်ချုပ်၊ ငြိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၏ မိခင်ဖြစ်သူ ဒေါ်နော်မာရီးယား(ခ)ဒေါ်ငယ် အသက်(၁၀၇)နှစ်သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှုဆောင်အဖွဲ့**

**ကရင်ဝန်ထမ်းဟောင်းမိသားစုလူမှုရေးအသင်း**
**ရန်ကုန်မြို့**

---

### ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး ဒေါက်တာကိုကိုနိုင်-ဒေါ်ဇင်လေးချိုတို့၏ဖခင် ဦးအေးချို အသက်(၈၁)နှစ်သည် ၁၅-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်တင်တင်ဝင်း (သထုံ)

**အသက်(၇၀)**

ဒေါက်တာသန်းဇော်မြင့်-ဒေါက်တာဒေါ်ဝင်းမာတို့၏မိခင် ဒေါ်တင်တင်ဝင်းသည် ၁၃-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ**
**ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်အေးမြင့်သိန်း

**အသက်(၆၇)နှစ်**

သရက်မြို့နေ ဦးမြတ်သွင်ဦး-ဒေါ်အေးမီထွန်းတို့၏မိခင် ဒေါ်အေးမြင့်သိန်း အသက်(၆၇)နှစ်သည် ၁၅-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (97) မှ သူငယ်ချင်းများ**

---

### ဗိုလ်မှူးရာဇာမင်းထွန်း

**(ဒု-တပ်မှူး၊ ခေတ္တတပ်မှူး)**

**အသက်(၃၆)နှစ်**

မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းထွန်း(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ခင်သန်းမြင့်တို့၏သားကြီး၊ မမြရွှေစင်၏အစ်ကို၊ ဒေါ်နှင်းပွင့်ဟန်၏ခင်ပွန်း၊ မောင်ရဲရင့်အောင်၏ဖခင်၊ ဗိုလ်မှူးရာဇာမင်းထွန်း (ဒုတပ်မှူး၊ ခေတ္တတပ်မှူး)သည် ၁၆-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် လောက်ကိုင်မြို့၌ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဆရာကျော်လင်း(ခ) ဦးကျော်သောင်း

**T.T.C ကျောင်းသားဟောင်း**
**တိုင်းရင်းသမားတော်**
**ဒီ့ရှီးရာကုသိုလ်ပြု**
**တိုင်းရင်းဆေးအဖွဲ့ဥက္ကဋ္ဌ**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊အမှတ် ၁၅/င၊ဲလွှာ၊ ကွက်သစ်လမ်းနေ (ဦးအေးကြွယ်-ဒေါ်အေးကြည်)တို့၏သားကြီး၊(ဦးစံထွန်း-ဒေါ်ချစ်ရင်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ဒေါ်ချိုချိုမြင့်-ဦးဌေးဝင်းတို့၏မောင်၊ ဒေါ်ရင်ရင်မြင့်-(ဦးအောင်ကျော်ညွန့်)၊ ဒေါ်ခင်စန်းလင်း၊ ဦးတိုးနိုင်၊ ဒေါ်မြင့်မြင့်ထွန်းတို့၏အစ်ကို၊ (ဦးနဝရတ်ကျော်ဇော)-ဒေါ်လွှင်လွှင်ခိုင်၊ ဒေါ်နဝရတ်စန္ဒာလင်း (လက်ထောက်ကထိက၊ အရှေ့တိုင်းပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဦးနဝရတ်နိုင်လင်း - ဒေါ်ကြည်ကြည်ညွန့်၊ ဦးနဝရတ်ကျော်ဟိန်း၊ ဦးနဝရတ်ထွဋ်အောင်မြင့်-ဒေါ်အေးမျိုးဌေး၊ ဒေါ်နဝရတ်စုယဉ်မွန်၊ ဦးကျော်ဇင်ဦး-ဒေါ်နဝရတ်ချစ်စုပို၊ ဦးနဝရတ်ကျော်ထက်နိုင် - ဒေါ်မေသူဝင်းလွင်တို့၏ ဖခင်၊ ဒေါ်ခင်ကျော့ကျော့ဝင်း၊ ဦးနဝရတ်မိုးဟိန်း(PIL Shipping)၊ ဒေါ်ဥမ္မာခင်၊ ဒေါ်ဖြူဖြူခင်၊ ဒေါ်ခင်ဝါဝါထွေး၊ ဒေါ်သန္တာခင်၊ ဦးနိုင်နိုင်-ဒေါ်ကြည်ကြည်အေးတို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ ၆း၄၂နာရီတွင်ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [အမှတ် ၉၉၆/က၊ ယယဝတီ ၁၃ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်နိုင်နိုင်ဆွေ

**(သုဝဏ္ဏ)**

**အထက(၁)သင်္ဃန်းကျွန်း**

**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊တိုက်၂၀၆၊ အခန်း ၁နေ (ဦးသက်နိုင်၊ စား/ဖျော်၊ ငြိမ်း-ဒေါ်သိန်းဆွေ၊ မြန်မာ့မီးရထား၊ ငြိမ်း)တို့၏သမီးကြီး၊ ဗိုလ်မှူးလှထူးနိုင်(ငြိမ်း)-ဒေါ်ခင်ငြိမ်းချမ်း၊ ဦးကျော်စံနိုင် (အားကစား အရာရှိဟောင်း၊ အား/ကာ)၊ ဦးရန်ထူးနိုင် (E/ O S.b Shipping Co., Ltd)-ဒေါ်မိုးစန္ဒာညွန့်၊ (မဝင့်ပြုံးနိုင်)၊ မယုယုအေး(ခေတ္တ-စင်ကာပူ)၊ အရာခံဗိုလ်ကျော်စွာ-ဒေါ်စန်းစန်းဌေး၊ မဝေမွန်ကျော်(နိုင်ငံခြားရေးဝန်ကြီးဌာန) - မောင်ရဲမျိုးမင်း၊ မမေသူကျော် (မြန်မာ့စိုက်ပျိုးရေး)-မောင်သော်ဇဥ်ဝင်းတို့၏ အစ်မကြီး၊ ဦးဝင်းသိန်း(အုန်းနဲ့) - ဒေါ်ဝင်းကြည်၊ ဦးသန်းအေး(လ/ထညွှန်မှူး၊ကျန်း/စီမံ၊ ငြိမ်း)-ဒေါ်မြင့်မူ (လ/ထ ညွှန်မှူး၊ ကျန်း/စီမံ၊ ငြိမ်း)၊ ဦးကျော်ရီ (ဒါရိုက်တာ၊မြန်မာ့ဩဘာ)-ဒေါ်ခင်ဝေ(ကပရ၊ ငြိမ်း)၊ဒေါ်မြသိန်း(တိုက်ကြီး)၊ ဦးထွန်းလှ(မိသားစုကဖီး၊ အဖျောက်မြို့)တို့၏ တူမကြီး၊ မရွှန်းလဲ့ထူး (အလုပ်သင်ဆရာဝန်)၊ မောင်မင်းဆက်ပိုင်(စတုတ္ထနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မောင်ကောင်းထက်နိုင်(B.TECH) - မအေးသီတာသိမ့်(B.E)၊ မောင်ထက်မြတ်နိုင် (Grade-11)၊မောင်နန္ဒနိုင်(Grade-5)တို့၏အဒေါ်သည် ၁၈-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**သိက္ခာတော်ရ**

### ဆရာစောခရီးစယ်

**အသက်(၈၉)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး(၂)လမ်း၊ အမှတ် ၁၁၈၈နေ [စောရွှေသော်(ခ)ဦးရွှေတော်-နော်ဟပ်ထီး]တို့၏သား၊ (ဆရာမကြီးနော်ဂျိုးစိန်)၏ခင်ပွန်း၊ စောမိုးဇက်-နော်ထူးထူးဖော၊ စောအောင်စိန်-(နော်ဘွယ်ဖော)၊စောနယ်တာ-နော်အိုင်ရိမ်း၊ နော်နေဘလု-စောရှဝေးဂိုတို့၏ ဖခင်၊ နော်ဖောအယ်၊ စောရီးသ၊ နော်ဖောလောအယ်၊ နော်အယ်မူးနာဖောတို့၏အဘိုးသည် ၁၈-၃-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အင်းစိန်ဂေသရေမန် ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

### ဒေါ်ကြူ

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွပ်လပ်ရေးရပ်ကွက်၊ ၉၈လမ်း၊အမှတ် ၃၀နေ (ဦးကြာမှန် - ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးတူ-ဒေါ်လှခင်)၊ (ဦးစိန်လျောင်-ဒေါ်ညွန့်ရီ)၊ (ဦးသာလင်း)-ဒေါ်အမာတို့၏ညီမ၊ (ဦးဟန်သိန်း)-ဒေါ်ခင်ညွန့်တို့၏အစ်မ၊ တူ၊ တူမ ၂၂ ယောက်တို့၏အဒေါ်သည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့) ည ၁၀း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးကြင်သောင်း

**ပြည်နယ်၊တိုင်းတရားသူကြီး(ငြိမ်း)**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၇၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပုတီးကုန်းမြို့နေ (ဦးခ-ဒေါ်သင်းမယ်)တို့၏သား၊ (ဦးချစ်-ဒေါ်ဝိုင်းကြည်)တို့၏သားသမက်၊ သာယာဝတီမြို့နယ်၊ ဆရာစံမြို့သစ်၊အသောကလမ်း၊အမှတ် ၅၃၇နေ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်းသည် ၁၄-၃-၂၀၁၅ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၅ရက်တွင် ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၁၅ရက်(သောကြာနေ့)နံနက် ၆နာရီမှ ၁၀နာရီအထိ ဒေါ်မြင့်မြင့်သန်း၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ရဟန်းအမ**

### ဒေါ်အေးအေးခိုင် (LL.B)

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**
**ဌာနချုပ်ဝန်ထမ်းဟောင်း**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိကလမ်း၊ အမှတ် ၄၂၀နေ (ဦးသိန်းခိုင်) - ဒေါ်တင်အုန်းတို့၏သမီးလတ်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် ၄၇ နေ ဦးကျော်ကျော် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ (ဦးစန်းမောင်)-ဒေါ်နန်းဦးခိုင်တို့၏ညီမ၊ ဦးအောင်မျိုး၊ ဦးတင်မြင့်-ဒေါ်ဝေဝေခိုင်၊ (ဦးချန်ယုစိန်)-ဒေါ်မျိုးမျိုးခိုင်တို့၏အစ်မ၊(မောင်ရဲမင်းထက်)၊ ကိုချစ်ဖြိုးဦး-မအေးမြတ်သူ၊မချစ်စုဝေတို့၏မိခင်သည် ၁၈-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တကေသရ မဟာထေရ်

**မြသိန်းတန်ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇမဟာရဋ္ဌဂုရု**
**ပခုက္ကူ မဟာဝိသုတာရာမိက ရတ္တညျမဟာနာယက၊**
**ရွှေဘုန်းပွင့်စေတီတော် ဩဝါဒါစရိယ**
**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ ဩဝါဒါစရိယ၊ ပခုက္ကူအသင်း(ရန်ကုန်)၏ဩဝါဒါစရိယ၊ မေတ္တာဗျူဟာအသင်း၏ ဩဝါဒါစရိယ၊ Y.M.B.A အသင်းကြီး၏ ဩဝါဒါစရိယ သာသနဇောတိကဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကေသရ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် နှောင်းတန်ခူးလဆန်း ၃ရက်) ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် မြသိန်းတန်ကျောင်းတိုက်၌ (စံကျောင်းချ) အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တကေသရ မဟာထေရ်

**ပခုက္ကူအသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ ဆရာတော်**
**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၁၀)ရပ်ကွက်၊အနော်ရထာလမ်း၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဇောတိကဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကေသရ မဟာထေဆရာတော်ကြီးသည် ၁၆-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကျောင်းတိုက်၌ အန္တိမပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ပခုက္ကူအသင်း(ရန်ကုန်)

အမှုဆောင်အဖွဲ့

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ညောင်လေးပင်မြို့၊ တောင်ကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏**
**ဦးစီးပဓာနမဟာနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်**
**နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

### ဘဒ္ဒန္တကုန္ဒက မဟာထေရ်

**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ တောင်ကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒက မဟာထေရ်သည် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) ၁၆-၃-၂၀၁၅ရက်(တနင်္လာနေ့)ည ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၁ရက်) ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာတော်အပေါင်းနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊တောင်ကျောင်းတိုက်၊ညောင်လေးပင်မြို့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လီလီ (လှိုင်ကော်)

**အသက်(၈၃)နှစ်**

တရုတ်(တိုင်ပေ) ရှင်းတျန့်မြို့နယ်နေ ဦးဝီးကြည်၏ဇနီး၊ ဒေါက်တာဝမ်ကြည့်ရဲ့၊ မဝမ်ရှူ့ကြိန်၊ ကိုဝမ်ကြည့်နန်၊ ဒေါက်တာဝမ်ကြည့်လျှံ၊ မဝမ်ရှူ့လင်၊ ကိုဝမ်ကြည့်ဟောင်၊ ကိုဝမ်ကြည့်ဟွေးတို့၏မိခင်ကြီးသည် ၁၅-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် တရုတ်(တိုင်ပေ)မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးဇော်ဝင်း

**စခန်းမှူး(ငြိမ်း)**

**အသက်(၇၅)နှစ်**

မန္တလေးမြို့၊ ခိုင်သစ္စာထန်းလျက်ပွဲရုံ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးဇော်ဝင်းသည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ထွေး-ဒေါ်ဌေးယဉ်(တိုက်ဝါမိသားစု)၊ မုံရွာမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးဇော်ဝင်း

**စခန်းမှူး(ငြိမ်း)**

**အသက်(၇၅)နှစ်**

မန္တလေးမြို့၊ ခိုင်သစ္စာထန်းလျက်ပွဲရုံ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးဇော်ဝင်းသည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုဘမင်း-မဥမ္မာမိုး**
**စက်မှုဇုန်၊ မုံရွာမြို့**

---

### ဦးနေမျိုးဝင်း(ခ)ဦးနေမျိုး

**သစ်စာရင်းကိုင်(၃)၊ အမှတ်(၆၆)သစ်စက်**
**ပြည်တွင်းရောင်း/ဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**စိန်ကန့်လန့်ကျေးရွာ၊ မင်းလှမြို့**
**အသက်(၄၀)**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဘက်သာယာမြို့သစ် ၂လမ်းနေ ဦးဝင်းစိန်-ဒေါ်ရီရီမြင့်တို့၏သားကြီး၊ ဦးစိုင်းမောင်ညို-(ဒေါ်အေး)တို့၏သား သမက်၊ ဦးရဲဝင်းအောင်-ဒေါ်စန္ဒာအောင်၊ ဦးထက်မြတ်ဝင်း-ဒေါ်ဝေဝေလှိုင်၊ ဒေါ်ခင်ဝတ်ရည်သိမ့်(ခ)သက်ရည်ဝင်းစိန်တို့၏အစ်ကိုကြီး၊ ဒေါ်နန်းရွှေဌေး(ခ)ရွှေရည်၏ခင်ပွန်း၊ နန်းအေးငြိမ်းပြည့်သူ(ခ)ပြည့်ပြည့်၊ ဆုနေနေအောင်(ခ)သျှုန်သျှုန်တို့၏ဖခင်သည် ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၅ရက်(စနေနေ့)တွင် မင်းလှမြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများအပေါ် တင်ပြခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး**

စာ » ၇

ပြည်သူ့လွှတ်တော် အစည်းအဝေး

**အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းရုပ်သိမ်းရန် ပြည်ထောင်စုဝန်ကြီး လွှတ်တော်သို့တင်ပြ**

စာ » ၇

အမျိုးသားလွှတ်တော် အစည်းအဝေး

**မိတ္ထီလာမြို့ရှောင်လမ်းကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်**

စာ » ၇

# Solar impulse-2၏ ကမ္ဘာတစ်ပတ်ခရီးစဉ်

**နေပြည်တော် မတ် ၁၈**

Solar impulse-2 လေယာဉ်ကို ဆွစ်ဇာလန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်က စတင်ပြုလုပ်ခဲ့သည်။ ၂၀၁၄ ဇွန် ၂ ရက်တွင် ပထမဆုံးပျံသန်းမှုကို payerne ရှိ ပုဂ္ဂလိကလေယာဉ်ကွင်းတွင် စမ်းသပ်ပျံသန်းခဲ့သည်။ အဆိုပါလေယာဉ်သည် အလေးချိန်ပေါင် ၅၁၀၀(တန်အားဖြင့် ၂ ဒသမ ၃ တန်) အလေးချိန်ရှိသည်။ လေယာဉ်၏ တောင်ပံသည် ၇၂ မီတာရှည်လျားပြီး အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်း တည်ဆောက်ထားသည်။ ထို့ပြင် တောင်ပံများတွင် ဆိုလာဆဲလ်ပေါင်း ၁၇၀၀၀ ပါရှိပြီး တစ်နာရီ ကီလိုမီတာ ၇၀ နှင့် အမြင့် ၁၂၀၀၀ မီတာအထိ ပျံသန်းနိုင်ကြောင်း သိရသည်။

Solar impulse-2 လေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ်ကို ယခုနှစ် မတ် ၉ ရက် ညနေပိုင်းကစတင်ခဲ့ရာ လေယာဉ်မှူး Andre Borshberg က အာရပ်စော်ဘွားများနိုင်ငံ (UAE) အဘူဒါဘီလေဆိပ်မှ အိုမန်နိုင်ငံ မတ်စ်ကက်မြို့သို့ ပျံသန်းချိန် ၁၃ နာရီ ၁ မိနစ်ဖြင့်လည်းကောင်း၊မတ် ၁၀ ရက်တွင် လေယာဉ်မှူး Bertrand Piccard က အိုမန်နိုင်ငံ မတ်စ်ကက်မြို့မှ အိန္ဒိယနိုင်ငံ အာမီဒါဘက်မြို့သို့ ပျံသန်းချိန် ၁၅နာရီ မိနစ် ၂၀ဖြင့်လည်းကောင်း၊ လေယာဉ်မှူး Andre Borshberg က အိန္ဒိယနိုင်ငံ အာမီဒါဘက်မြို့မှ ဗာရာဏသီမြို့သို့လည်းကောင်း မောင်းနှင်ပျံသန်းလျက်ရှိသည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ◆



# ဆီးဂိမ်းတွင်မြန်မာအားကစားနည်း ၃၁ မျိုးမှ ရွှေ ၅၀ မျှော်မှန်း

သတင်း-မောင်စိန်လှ(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၈**

စင်ကာပူနိုင်ငံ၌ လာမည့် ဇွန် ၅ ရက်မှ ၁၆ရက်အထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ၃၁နည်းမှ အောင်နိုင်ရေး ရွှေတံဆိပ် ဆု ၅၀ ဝန်းကျင် မျှော်မှန်းထားကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ခန့်မှန်းရလဒ်ကို အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဌာနမှတာဝန်ရှိသူများနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏ ကြိုတင်ပြင်ဆင်ထားမှု စာမျက်နှာ ၁၁ ကော်လံ ၁ ❋

# မြန်မာ-မလေးရှား နိုင်ငံတကာဘောလုံးပြိုင်ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၈**

၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားအတွက် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာယူ-၂၀ လက်ရွေးစင်အသင်းနှင့် အာရှယူ-၂၃ ချန်ပီယံရှစ် ပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာယူ-၂၂ လက်ရွေးစင်အသင်းတို့သည် မလေးရှား ယူ-၂၂ လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မတ် ၁၉ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာယူ-၂၀ အသင်းနှင့် မလေးရှား ယူ-၂၂အသင်းတို့၏ ပွဲစဉ်ကိုလည်းကောင်း၊ မတ် ၂၂ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့၏ ပွဲစဉ်ကိုလည်းကောင်း မြန်မာ့ရုပ်မြင်သံကြား News Channel, Entertaintment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ အဆိုပါနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရတနာပုံအသင်း AFC Cup ပြိုင်ပွဲ၌ ပထမဆုံး နိုင်ပွဲရရှိ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ- ဖိုးသော်ဇင်

**မန္တလေး မတ် ၁၈**

၂၀၁၅ ရာသီ AFC Cup ဘောလုံးပြိုင်ပွဲအုပ်စု (G) ပွဲစဉ်အဖြစ် ရတနာပုံအသင်းနှင့် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းတို့သည် ယနေ့ ညနေ ၄ နာရီက မန္တလာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည်။

**ရတနာပုံ - နှစ်ဂိုး**
(မက်ဆီမင်နှင့် ဝင်းဌေးကျော်)
**ဂလိုဘယ် - ဂိုးမရှိ**

ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အနိုင်ယူပြီး ရတနာပုံတို့ AFC Cup ပြိုင်ပွဲတွင် ပထမဆုံး နိုင်ပွဲရရှိခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။ ရတနာပုံအသင်း၏ နည်းစနစ်ဒါရိုက်တာသစ် စာမျက်နှာ ၁၃ ကော်လံ ၁ ❐



ရတနာပုံအသင်း ဂလိုဘယ်အသင်းဘက်သို့ တိုက်စစ်ဆင်နေစဉ်။

## ယနေ့ မာတိကာ

**အစ္စရေးရွေးကောက်ပွဲ လက်ရှိဝန်ကြီးချုပ်၏ပါတီ အနိုင်ရ**

စာမျက်နှာ » ၄

**(၇)ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ်ဆွေးနွေးပွဲ မျှော်လင့်ချက်ကောင်းမွန်ဟု နှစ်ဖက်ခေါင်းဆောင်များဆို**

စာမျက်နှာ » ၁၀

Nation L . E . D မီးသီး
တာရှည်အသုံးခံပါသည်၊
မီတာ ၁၀ % ခန့်သာစားသည်၊
01-700 122 0979 550 2200 0997 6 9999 11
01-703 106 0979 550 2211 0997 6 9999 22
01-703 108 0979 550 2299 0997 6 9999 33
80 Volt Auto 270 Volt
Nation Electronic Industrial Co., Ltd. အမှတ်(၇၃/၇၄)၊ ဓါးတန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS